# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအား ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေးအတွက် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြီး သတင်းစာများတွင်လည်း အပြည့်အစုံဖော်ပြသွားမည်

**နေပြည်တော်　ဇွန်　၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇွန် ၁၉ ရက်နေ့ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းတစ်ရပ်ပြောကြားမည်ဖြစ်သည်။

အဆိုပါမိန့်ခွန်းအား ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေးအတွက် ဇွန် ၁၉ ရက်နေ့ နံနက် ၉ နာရီတွင် ပြည်တွင်းအတွက် ထုတ်လွှင့်ပေးနေသော Myanmar International Channel၊ MRTV-4 Channel၊ MWD (Variety) Channel နှင့် Skynet Up to Date Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ပြင် အဆိုပါမိန့်ခွန်းအပြည့်အစုံကို ၂၀-၆-၂၀၁၂ ရက်နေ့ထုတ်ဝေမည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများတွင် ဖော်ပြပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀)သို့ တက်ရောက်ရန် ဘရာဇီးလ်နိုင်ငံသို့ ထွက်ခွာ



**ရန်ကုန်　ဇွန်　၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀)သို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး Mr. Jose Carlos da Fonseca Junior နှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

**ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ရီယို+၂၀)သို့ တက်ရောက်ရန် ထွက်ခွာသွားသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)

## ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

**ရန်ကုန်　ဇွန်　၁၈**

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Birthday Brothers Group က ငွေကျပ် ၁၁ သိန်း ငါးသောင်း၊ ဦးတင်မောင်ဆွေ-ဒေါ်ခင်စုလွင်၊ သမီး မစန္ဒီဆွေနှင့် မသန္တာဝင်း မိသားစုက ငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်က စွန်ပလွန်ယိုသေတ္တာအလုံး ၁၅၀၊ ဒေါက်တာကျော်ဝင်း (စိတ်ကျန်းမာရေးဆရာဝန်ကြီး)နှင့် ဒေါက်တာခင်အုံးတင့် (သမားတော်ကြီး ပြည်မြို့)၊ ဦးသိန်းထွန်း (သိန်းထွန်းဆောက်လုပ်ရေး)၊ အာရှတော်ဝင်ခွဲစိတ်ခန်းမှ ခွဲစိတ်ဆရာဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၄* ■



**ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက လာရောက်လှူဒါန်းစဉ်။** (သတင်းစဉ်)

19-6 (01).pmd　1　6/19/2012, 1:39 AM

# မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၁၉ ရက်)

## အင်နိုဗေးရှင်းခေတ်

ကျွန်ုပ်တို့ကမ္ဘာကြီးတွင် အသစ်အသစ်သောတီထွင်မှုများ မရှိခဲ့ပါမူ ယနေ့အထိတိုင် ကျောက်ခေတ်ကမ္ဘာအတိုင်း ရှိနေပေလိမ့်မည်။ လူသားတို့သည် တစ်ခေတ်ပြီး တစ်ခေတ် တီထွင်လာခဲ့ခြင်းကြောင့်သာ တိုးတက်ပြောင်းလဲလာသော ကမ္ဘာကြီးဖြစ်လာခဲ့ရပေသည်။

သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များ၊ တီထွင်ပညာရှင်များသည် လူသားတို့၏ လိုအပ်ချက်အမျိုးမျိုးတို့ကို ဖြည့်ဆည်းပေးနိုင်ရန် တစ်ချိန်လုံး တီထွင်နေကြသည်။ သူတို့သည် ယခင်ကလည်း တီထွင်ခဲ့ကြသည်။ ယခုလည်းတီထွင်နေကြသည်။ နောင်လည်း တီထွင်နေကြဦးမည်သာ ဖြစ်သည်။

ယနေ့ တိုးတက်နေသောကမ္ဘာကြီးတွင် တီထွင်ဆန်းသစ်မှုများ နယ်ပယ်အသီးသီး၌ ကြီးထွားလာလျက်ရှိသည်။ ထို့ကြောင့်ပင် ပညာရှင်တို့က ယနေ့ခေတ်ကို အင်နိုဗေးရှင်းခေတ် **(The Era of Innovation)** ဟု ဆိုကြသည်။ တစ်နည်းဆိုလျှင် အသစ်အသစ်သောတီထွင်မှုများ အားပြိုင်လာနေသည့် ကမ္ဘာကြီးပင်ဖြစ်သည်။ လူသားတို့သည် ထိုတီထွင်မှုကမ္ဘာကြီးနှင့်အတူ လိုက်ပါနေကြရသည်။ တီထွင်မှုသည် လူသားအားလုံးတို့အတွက် များစွာအရေးပါသည်။ တီထွင်မှုမရှိသောနေရာသည် အမြဲတမ်း ခေတ်နောက်ကျနေမည်ဖြစ်သည်။ ထို့ကြောင့် နယ်ပယ်ဒေသအသီးသီးတွင် တီထွင်ဆန်းသစ်မှုများ အဆက်မပြတ်ပြုလုပ်နေကြပြီ။

ရိုက်ညီနောင်တီထွင်ခဲ့သော လေယာဉ်ပျံသည် ခေတ်အဆက်ဆက်ပညာရှင်တို့က ဆက်လက်တီထွင်ခဲ့ကြသဖြင့် ယနေ့အခါတွင် ဒုံးပျံများ၊ ခရီးသည်တင်လေယာဉ်ပျံကြီးများအထိ ပေါ်ထွန်းလာခဲ့ပေသည်။ ထို့အတူ မီးရထား၊ မော်တော်ကား၊ မီးသင်္ဘောတို့သည်လည်း အံ့မခန်းတိုးတက်ပြောင်းလဲလာ၏။ အထူးသဖြင့် အိုင်တီဟုခေါ်သည့် ဆက်သွယ်ရေးနည်းပညာများ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်လျက်ရှိသည်။ မကြာမီက ဂျပန်နိုင်ငံ၏ ထိပ်တန်းအီလက်ထရွန်နစ်ကုမ္ပဏီကြီးတစ်ခုဖြစ်သော တိုရှီဘာက တီထွင်ဆန်းသစ်မှု၏ ထိပ်သီးအဖြစ် တီဗွီနှင့် ကွန်ပျူတာများ မိတ်ဆက်ပွဲတစ်ရပ်ကိုလည်း ရန်ကုန်မြို့၌ပြုလုပ်ခဲ့ကြောင်း ကြားသိရသည်။ ကမ္ဘာကျော် နည်းပညာကုမ္ပဏီကြီးများသည် အင်နိုဗေးရှင်းခေတ်နှင့်အညီ ယင်းတို့၏ ကုန်ပစ္စည်းများကို ကောင်းသည်ထက်ပိုကောင်းအောင် တီထွင်ထုတ်လုပ်ပြီး ဈေးကွက်ကို ထိုးဖောက်လျက်ရှိကြသည်။ အင်နိုဗေးရှင်းမရှိလျှင် အမြဲတမ်း ခေတ်နောက်ကျသွားနိုင်သည်။

ထို့ကြောင့်ပင် ကျွန်ုပ်တို့အနေဖြင့်လည်း အင်နိုဗေးရှင်းခေတ်ကို အမီလိုက်ကြရပေတော့မည်။ သမားရိုးကျ ထုတ်လုပ် လုပ်ကိုင်နေ၍ မပြီးပေ။ ခေတ်စနစ်နှင့် အမီတီထွင်သော စိတ်ဓာတ်များမွေးပြီး အမြဲတမ်း တီထွင်နေဖို့လိုပေသည်။ မိမိတို့လုပ်ကိုင်နေသော အလုပ်ဟူသမျှသည် ပြီးပြည့်စုံကောင်းမွန်နေပြီဟု မှတ်ယူလျက် ရိုးရိုးအေးအေးနေလျှင် ခေတ်နောက်ကျကျန်ရစ်မှာသေချာသည်။ လက်ရှိအောင်မြင်နေသော အဆင့်ကို အားကျေနပ်မနေသင့်ပေ။ အမြဲတမ်း အင်နိုဗေးရှင်းလုပ်နေသင့်၏။

အင်နိုဗေးရှင်းသည် လူတိုင်းပင်လုပ်နိုင်၏။ မိမိလုပ်နေသောအလုပ် ကောင်းသည်ထက် ပိုကောင်းအောင် လုပ်ခြင်းသည် အင်နိုဗေးရှင်းလုပ်ခြင်းပင်ဖြစ်၏။ မိမိ၏အလုပ်မဟုတ်ဘဲ အတွေးအခေါ် အယူအဆများ တိုးတက်သည်ထက်တိုးတက်လာအောင် လေ့ကျင့်မှုများပြုလုပ်ခြင်းသည်လည်း အင်နိုဗေးရှင်းလုပ်ခြင်းပင်ဖြစ်ပါသည်။ သို့ပါသောကြောင့် ယနေ့တိုးတက်ပြောင်းလဲနေသောခေတ်ကြီးတွင် လူတိုင်းက မိမိတို့ဘဝအစဉ်တိုးတက်နေစေရန်အတွက် အင်နိုဗေးရှင်းလုပ်နေဖို့ လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## ပညာတံခွန်စာကြည့်တိုက်သို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

**လယ်ဝေး ဇွန် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောစံပြကျေးရွာ ပညာတံခွန်စာကြည့်တိုက်၌ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အလှူငွေကျပ် ငါးသောင်း၊ ရုံးတောရွာနေ ဦးထွန်းထွန်းနိုင်-ဒေါ်တင်တင်အေး မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးဝင်းအောင်-ဒေါ်ထိုက်ထိုက်မိသားစုက ငွေကျပ် ငါးသောင်း၊ ဦးဝိုင်းကြည်-ဒေါ်တင်မြမိသားစုနှင့် ဒေါ်ညွန့်ရည်မိသားစုတို့က ငွေကျပ် တစ်သောင်းငါးထောင်စီ၊ ကိုကျော်သန်း-မနွယ်နီဝင်းမိသားစုက သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာ၊ ဆည်မြောင်းဦးစီးအရာရှိ ဦးမြင့်ဦးက ငွေကျပ် နှစ်သောင်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်၊ မြို့နယ်တရားသူကြီး ဦးတင်စိုး၊ စာရင်းစစ် ဦးစီးအရာရှိ ဒေါ်ကျင်လှ၊ ဦးလွမ်းပို-ဒေါ်ခင်ဝင်းရည်၊ ဒေါ်နုနုဝင်း(အထက-၁ လယ်ဝေး)တို့က ငွေကျပ် တစ်သောင်းစီနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကပေးပို့သည့် စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကျောင်းပြင်ပမူလတန်းပညာရေးဇုန်အဆင့် နည်းပြသင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၈**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးဇုန်အဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိင်္ဂီမြိုင်ခန်းမ၌ ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် မြန်မာနိုင်ငံလူတိုင်းအတွက် ပညာရေးနိုင်ငံအဆင့်ညှိနှိုင်းရေးမှူးဦးတင်ညိုတို့က အကြိုစစ်ဆေးခြင်းနှင့် သင်တန်းဆုံးစစ်ဆေးခြင်းဆိုင်ရာဆုရရှိကြသည့် သင်တန်းသားသင်တန်းသူများအား ဆုများချီးမြှင့်ကြပြီး သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူတိုင်းအတွက်ပညာရေးနိုင်ငံအဆင့် ညှိနှိုင်းရေးမှူးက အကြံပြုစကားပြောကြားရာတွင် ကျောင်းပြင်ပမူလတန်း ပညာရေးအစီအစဉ်၏ အောင်မြင်မှုရလဒ်များကြောင့် ယူနီဆက်အဖွဲ့သာမက ပြည်တွင်းပညာရေးစေတနာရှင် အလှူရှင်များပေါ်ပေါက်လာရာ မြို့နယ်များတိုးချဲ့ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ကမ္ဘာကအလေးထား ဆောင်ရွက်နေသည့် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ခွင့် ရရှိခြင်းအား ဂုဏ်ပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် **(အောက်ပုံ)**က သင်တန်းဆင်း အမှာစကားပြောကြားရာ၌ ကျောင်းပြင်ပမူလတန်းပညာရေး၏ ပထမရည်ရွယ်ချက်ဖြစ်သည့် ကျောင်းနေရန်အခက်အခဲရှိသော ကလေးများ မူလတန်း ပညာပြီးမြောက်အောင် သင်ကြားပေးရာတွင် နှစ်စကတည်းက မျက်ခြည်မပြတ် ကြီးကြပ်ကွပ်ကဲသင်ကြားပေးကြစေလိုကြောင်း၊ ဒုတိယရည်ရွယ်ချက်ဖြစ်သည့် မူလတန်းပညာပြီးမြောက်သွားသောကလေးများ အလယ်တန်းပညာဆက်လက်သင်ယူနိုင်အောင် စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုသင်တန်းဖွင့်လှစ်ပို့ချခြင်းသည် ဆရာ ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးဇုန်အဆင့် နည်းပြသင်တန်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပဲခူးမြို့များ၌ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး ဇွန်လအတွင်းတွင် မြို့နယ်ပေါင်း ၇၃ မြို့နယ်ရှိ အခြေစိုက် စခန်းပေါင်း ၅၀၀ ကျော်၌ သင်တန်းများ စတင်ဖွင့်လှစ်၍ ကလေးပေါင်း တစ်သောင်းကျော်ကို ကျောင်းပြင်ပမူလတန်း ပညာရေးအစီအစဉ်ဖြင့် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ကြော်ငြာဆိုင်းဘုတ်သက်တမ်းများတိုးမြှင့်ပေး

**ခင်ရတနာ**

*ရန်ကုန် ဇွန် ၁၈*

*ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း စိုက်ထူထားခဲ့သော ပေ ၂၀ × ၉ ပေနှင့်အထက် ကြော်ငြာဆိုင်းဘုတ်များကို မူလနေရာတွင် ဆက်လက်ကြော်ငြာခွင့်အတွက် သက်တမ်းတစ်နှစ် ထပ်မံခွင့်ပြုလိုက်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သိရှိရသည်။*

*"အလုပ်ရှင်တွေရဲ့တောင်းဆိုချက်အရ အခုလိုမျိုး သက်တမ်းတစ်နှစ်ထပ်တိုးပေးလိုက်တာပါ။ ဆိုင်းဘုတ်အသေးလေးတွေကိုတော့ ထပ်မံခွင့်မပြုတော့ပါဘူး။ မြို့တော်ရဲ့အဂ်ီရပ်နဲ့ကိုက်ညီပြီး စနစ်တကျနဲ့ နစ်နာသူတွေ ဦးစားပေးပြီး ဆိုင်းဘုတ်လုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်ခွင့်ပေးမှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။*

*ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် ကြော်ငြာလုပ်ငန်းရှင်အများစု၏ တောင်းဆိုချက်ကြောင့် အဆိုပါဆိုင်းဘုတ်များကိုမူလက ငါးလ သက်တမ်းသာ တိုးမြှင့်ခွင့်ပေးထားရာမှ ယခုတစ်နှစ်အထိ သက်တမ်းတိုးမြှင့်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။ ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများအနေဖြင့် တစ်စတုရန်းပေလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြစ်ပြီး ပုဂ္ဂလိကပိုင်မြေများနှင့် ဌာနဆိုင်ရာပိုင်မြေများတွင် ဆိုင်းဘုတ်စိုက်ထူရန်အတွက် ငှားရမ်းခနှုန်းထားများမှာ ငွေကျပ် ၁၅၀၀၀ နှုန်း ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။*

*ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ကြော်ငြာဘုတ်အသေးများကို ပြီးခဲ့သည့်လများက ဖြုတ်သိမ်းခဲ့ခြင်းကြောင့် မြို့တွင်းရှိ ကြော်ငြာလုပ်ငန်းရှင်များ လုပ်ငန်းဆုံးရှုံးထိခိုက်မှုများရှိခဲ့သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် သင့်တင့်သည့်နေရာများတွင် ကြော်ငြာဘုတ်များပြန်လည် စိုက်ထူခွင့်ပေးခြင်း၊ အယ်လ်အီးဒီဘုတ်များဖြင့် အစားထိုးကြော်ငြာစေခြင်းများ စတင်ခွင့်ပြုခဲ့ပြီး ဆက်လက်၍လည်း နစ်နာခဲ့ရသည့် ကြော်ငြာရှင်များအား အဓိကထားကာ ပြန်လည်ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။*

*ကြော်ငြာဘုတ်များ ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တွင်းရှိ ကြော်ငြာကုမ္ပဏီများက တာဝန်ခံကာ ဆောင်ရွက်ပေးကြခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆိုင်းဘုတ်အသေးများ ဖြုတ်သိမ်းကြရသည့်အခါ ကြော်ငြာရှင်များနှင့် ကြော်ငြာဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ ထိခိုက်ခဲ့ကြရသည်။ စည်ပင်အနေနှင့် ကြော်ငြာဆိုင်းဘုတ်များ ငှားရမ်းခပေးသွင်းကြရမည့်ရက်ကိုလည်း မူလသတ်မှတ်ထားခဲ့သည့် ၃၁-၅-၂၀၁၂ အစား ၃၁-၁၂-၂၀၁၂ သို့ တိုးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ ။*

## ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်

**နမ္မတူ ဇွန် ၁၈**

နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဆင်းရဲမှုလျှော့ကျရေးလုပ်ငန်း အထောက်အကူဖြစ်စေရန်အတွက် မြို့မဈေးအတွင်းရှိ ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်ရုံး၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၁၃ ဦးအတွက် ကျောင်းဝတ်စုံ တစ်စုံစီကို မိဘများထံ အမှုဆောင်အရာရှိ ဦးဆန်းမင်းက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

**ဇွန် ၅ ရက်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ကျွန်းပင်များ စိုက်ပျိုးကြစဉ်။** (မြို့နယ်သစ်တော)



## ဝန်ထမ်းသားသမီးများအား ထောက်ပံ့ပေးအပ်

**မူဆယ် ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူ့ဆေးရုံစည်းဝေးခန်းမ၌ ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက မူဆယ်မြို့ ပြည်သူ့ဆေးရုံကျန်းမာရေးဝန်ထမ်းများ၏ သားသမီး ကျောင်းသားကျောင်းသူ ၄၂ ဦးအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပွဲကျင်းပရာ နှစ်ဘာသာ ဂုဏ်ထူးရှင် စိုင်းအောင်မောင်း အပါအဝင် ကျောင်းသား ကျောင်းသူများအား မူဆယ်ခရိုင်ဆေးရုံအုပ် ဒေါက်တာဒေါ်မြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၄၃)

## ယင်းမာပင်မြို့နယ်၌ စက်ရေတွင်းများ တူးဖော်

**ယင်းမာပင် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဝင်းဘုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နှစ်လက်မ စက်ရေတွင်းတစ်တွင်းနှင့် လေးလက်မ စက်ရေတွင်း တစ်တွင်း တူးဖော်ခဲ့ရာ ဇွန် ၄ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။ အဆိုပါစက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေများကို ယင်းမာပင်မြို့နယ် ဝင်းဘုန်းကျေးရွာ ပြည်သူများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



## နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဇွန် ၁၈**

မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်က တောတိုက်ရပ်ကွက်တွင် မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ဆွေနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် လဝက)**

19-6 (02).pmd 1 6/19/2012, 1:39 AM



# အမေရိကန်မှ ကမ္ဘာပတ်လမ်းကြောင်းသို့ လွှတ်တင်ထားသည့် စက်ရုပ်လေယာဉ် ဘေးကင်းစွာပြန်လည်ဆင်းသက်

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်လေတပ်မှ လွှတ်တင်ထားသည့် စက်ရုပ်လေယာဉ် အိတ်ချ်-၃၇ ဘီသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ၄၆၉ ရက်ကြာ လုပ်ငန်းတာဝန်များထမ်းဆောင်ခဲ့ပြီးနောက် ဇွန် ၁၇ ရက်က မြေပြင်သို့ ဘေးကင်းစွာပြန်လည်ဆင်းသက်လာခဲ့ကြောင်း ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

စက်ရုပ်လေယာဉ် အိတ်ချ်-၃၇ဘီ **(အပေါ်ပုံ)**သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်ပိုင်း ဗန်ဒါဘတ်လေတပ်အခြေစိုက်စခန်းသို့ ဘေးကင်းစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။ ယင်းလေယာဉ်သည် ၈ ဒသမ ၈ မီတာရှည်ကာ အလေးချိန်ငါးတန်ခန့်ရှိသည်။

**လွှတ်တင်ခဲ့**

အဆိုပါလေယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တောင်ပိုင်း ကိတ်ကာနေဗယ်လေတပ်အခြေစိုက်စခန်းမှနေ၍ ၂၀၁၁ ခုနှစ် မတ်လက ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ကမ္ဘာဂြိုဟ်လေ့လာရေးလုပ်ငန်းများအား ဆောင်ရွက်ရန် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ယင်းခရီးစဉ်မျိုးကို အမေရိကန်နိုင်ငံသည် ၂၀၁၀ ခုနှစ်အတွင်းက ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ခုနစ်လကြာမျှလွှတ်တင်ကာ လေ့လာမှုများပြုလုပ်ခဲ့သေးသည်။ ထိုစဉ်က လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ပိုင်း ကီလိုမီတာ ၂၆၀ ခန့်အကွာ လေတပ်အခြေစိုက်စခန်းသို့ ယင်းလေယာဉ်ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။ **(အင်တာနက်)**

# ဆားဘီးယားနိုင်ငံ ဗာရန်ဂျီမြို့ မြေအောက်မှ ကြေးခေတ်သုံး ရှေ့ဖြစ်ဟောကျောက်ထွင်းလက်ရာတွေ့ရှိ

ဘဲလ်ဂရိတ် ဇွန် ၁၈



ဆားဘီးယားနိုင်ငံ ဗာရန်ဂျီမြို့အပြင်ဘက် မြေအောက်မှ လွန်ခဲ့သောနှစ် ၄၀၀၀ ခန့်က ကြေးခေတ်လူသားတို့ အသုံးပြုခဲ့သော ရှေ့ဖြစ်ဟောနက္ခတ်ပေဒကျောက်ထွင်း လက်ရာတစ်ခုကို ဇွန် ၁၈ ရက်က တွေ့ရှိခဲ့ကြောင်း ဆားဘီးယားအရာရှိများက ပြောကြားသည်။

အဆိုပါကျောက်ထွင်းချပ် **(ယာပုံ)**ကို ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ တောင်ဘက် ၂၇၅ ကီလိုမီတာခန့်အကွာရှိ ဗာရန်မြို့အပြင်ဘက် ကားလမ်းဖောက်လုပ်ရေးစီမံကိန်းတစ်ခု၏ လုပ်ငန်းခွင်၌ မြေကြီးတူးဖော်မှုများပြုလုပ်စဉ် မြေအောက်မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းကျောက်ထွင်းပြား၏ ကျောဘက်တွင်ပါရှိသော သင်္ကေတအမှတ်အသားအရ ကြေးခေတ်လူသားတို့အသုံးပြုခဲ့ခြင်းဖြစ်ပြီး ကြေးခေတ်ဦးပိုင်းကပြုလုပ်ခဲ့သည့် ပစ္စည်းဖြစ်ကြောင်း ဆားဘီးယားရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။ ယခုရှေးဟောင်းပစ္စည်းတွေ့ရှိသည့်နေရာမှာ ဆားဘီးယားနိုင်ငံအတွင်းမှ ဖြတ်သန်းဖောက်လုပ်မည့် ဒေသတွင်း မော်တော်ကားစကြိုလမ်း၏ အစိတ်အပိုင်းတစ်ခုနေရာ၌ဖြစ်သည်။ ၎င်းနေရာအနီးဝန်းကျင်တွင် ကြေးခေတ်သုံးပစ္စည်းများ တွေ့ရှိနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ ယင်းပစ္စည်းကို ဆားဘီးယားနိုင်ငံ ဗာရန်ဂျီမြို့ရှိ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသထားမည်ဖြစ်သည်။ **(အင်တာနက်)**



# ဂျပန်ကမ်းလွန်၌ တိုင်ဖွန်းမုန်တိုင်းဖြစ်ပေါ် ဂျပန်နိုင်ငံသို့ ၄၈ နာရီအတွင်း ဝင်ရောက်တိုက်ခတ်နိုင်

တိုကျို ဇွန် ၁၈

ဂျပန်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ဂူချိုအမည်ရှိ တိုင်ဖွန်းမုန်တိုင်းတစ်ခု စုဖွဲ့ဖြစ်တည်လျက်ရှိရာ တဖြည်းဖြည်းအင်အားကောင်းလာပြီး ဂျပန်နိုင်ငံသို့ လာမည့် ၄၈ နာရီအတွင်း ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက ဇွန် ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ မုန်တိုင်း **(ဝဲပုံ)**သည် ဂျပန်နိုင်ငံတောင်ဘက် အိုကီနာဝါစီရင်စုရှိ နာဟာမြို့ တောင်ဘက်ကမ်းလွန် ကီလိုမီတာ ၄၅၀ ခန့်အကွာကို ဗဟိုပြုပြီး ဇွန် ၁၈ ရက် နံနက်ပိုင်းမှစတင်ကာ တဖြည်းဖြည်းအင်အားကြီးစွာ ဖြစ်တည်နေခြင်းဖြစ်သည်။

ယင်းမုန်တိုင်းသည် ယခုနှစ်မိုးရာသီကာလတွင် လေးခုမြောက်မုန်တိုင်းဖြစ်ပြီး ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စုကို အဓိကဖြတ်သန်းတိုက်ခတ်ဖွယ်ရှိသည်ဟု မိုးလေဝသသတိပေးချက်၌ ဖော်ပြထားသည်။

ယခုအခါ အဆိုပါမုန်တိုင်းသည် တဖြည်းဖြည်းရွေ့လျားလာလျက်ရှိပြီး ဂျပန်နိုင်ငံတောင်ဘက်သို့ ဦးတည်ကာ အင်အားပြင်းထန်သော မုန်တိုင်းအသွင်သို့ ကူးပြောင်းလျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စု အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများရှိ ဒေသခံများအား သတိပေးချက်များထုတ်ပြန်ထားသည်။ **(အင်တာနက်)**



# ကိုလံဘီယာရှိ မီးတောင်ပြာမှုန်မီးခိုးများ ပိုမိုမြင့်မားစွာ ထုတ်လွှတ်လျက်ရှိ

မာနီဇာလီ ဇွန် ၁၈

ကိုလံဘီယာနိုင်ငံအတွင်းရှိ နီဗာဒိုဒဲလ်ရုဇ် မီးတောင်ပေါက်ကွဲမှုတွင် မီးခိုးနှင့်ပြာမှုန်များ ပိုမို၍ ထုတ်လွှတ်လျက်ရှိနေသည်ဟု အင်တာနက်သတင်းတွင် ဇွန် ၁၇ ရက်က ဖော်ပြသည်။ **(ဝဲပုံ)**

အမြင့်မီတာ ၅၃၄၆ မီတာရှိသော ၎င်းမီးတောင်ထိပ်ဝမှ ချောက်ချားဖွယ် ကျယ်လောင်သည့်အသံများကို မီးတောင်အနီးနေထိုင်သူများက ဇွန် ၁၅ ရက်နှင့် ၁၆ ရက်များက စတင်ကြားခဲ့ရခြင်းဖြစ်သည်။

၎င်းမီးတောင်အနီးပတ်ဝန်းကျင်နယ်မြေများကို ပြီးခဲ့သည့်သီတင်းသုံးပတ်အလွန်ကတည်းက အန္တရာယ်သတိပေးချက် လိမ္မော်ရောင်အဆင့် ကြေညာထားသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

ပြာမှုန်များမှုတ်ထုတ်နေဆဲမီးတောင်ပတ်ဝန်းကျင်တွင် နေထိုင်သူဒေသခံများအတွက် မျက်နှာဖုံးစွပ် ၃၀၀၀၀ ကိုလည်း တာဝန်ရှိသူများက ဝေငှပေးထားသည်။

နီဗာဒိုဒဲလ်ရုဇ်မီးတောင်သည် ၁၉၈၅ ခုနှစ်က နောက်ဆုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယင်းပေါက်ကွဲမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ပြည်သူပေါင်း ၂၅၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ **(အင်တာနက်)**

# အာဖဂန်တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူးလ် ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အကြမ်းဖက်သမားများနှင့် တိုက်ပွဲဖြစ်စဉ် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဇွန် ၁၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဇွန် ၁၇ ရက်က သေဆုံးခဲ့သည့် တပ်ဖွဲ့ဝင်မှာ အမှတ်(၁) ဘုရင့်တပ်ရင်းမှဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဗြိတိန်တပ်ဖွဲ့ဝင်အရေအတွက်မှာ အာဖဂန်နစ္စတန်နိုင်ငံ၌ ၉၅၀၀ ခန့်ရှိသဖြင့် အမေရိကန်ပြီးလျှင် ဒုတိယတပ်ဖွဲ့ဝင်အများဆုံးလည်းဖြစ်သည်။ **(အင်တာနက်)**

# အိန္ဒိယနိုင်ငံ၌ ဘတ်စ်ကားတိမ်းမှောက် ၃၂ ဦးသေဆုံး၊ ၂၀ ကျော်ဒဏ်ရာရ

နယူးဒေလီ ဇွန် ၁၈

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရတ်ရှုစထရာပြည်နယ်တွင် ဘတ်စ်ကားတစ်စီး တံတားပေါ်မှ တိမ်းမှောက်ထိုးကျသွားသဖြင့် အနည်းဆုံး ၃၂ ဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**



နယူးဒေလီမြို့တော်တောင်ဘက် ၇၂၆ မိုင်အကွာ အော့စမန်နာဘတ်မြို့ ဆင်ခြေဖုံးဒေသရှိ တံတားပေါ်မှ အဆိုပါဘတ်စ်ကားသည် ဇွန် ၁၇ ရက်က တံတားအောက်သို့ ထိုးကျတိမ်းမှောက်သွားခြင်းဖြစ်သည်။

လိုက်ပါလာသူများမှာ မဟာရတ်ရှုစထရာပြည်နယ် အာမက်နာဂါခရိုင်မှ နေအိမ်သို့အပြန်တွင် ယင်းသို့ ကားမှောက်သည့် အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၁၈-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်



### ရှန်ကျိူ့-၉ အာကာသယာဉ်နှင့် တန်ဂွန်-၁ တို့ချိတ်ဆက်မိပြီ

*တရုတ်နိုင်ငံမှလွှတ်တင်လိုက်သည့် အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားသည့် ရှန်ကျိူ့-၉ (Shenzhou-9) အာကာသယာဉ်သည် အာကာသသုတေသနစခန်းမှ တန်ဂွန်-၁ (Tiagong-1) အာကာသယာဉ်နှင့် ဂြိုဟ်ပတ်လမ်းကြောင်းပေါ်တွင် ဇွန် ၁၈ ရက် ပေကျင်းစံတော်ချိန် မွန်းလွဲ ၂ နာရီ ၀၇ မိနစ်က အောင်မြင်စွာ ချိတ်ဆက်ခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။*

*အဆိုပါအာကာသယာဉ်ကို ရှန်ကျိူ့အာကာသရေးရာအဖွဲ့မှ လောင်းမတ်-၂ ဂြိုဟ်တုဖြင့် ဇွန် ၁၆ ရက် ညနေက လွှတ်တင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူးအပါအဝင် အာကာသယာဉ်မှူးသုံးဦးကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။ အာကာသယာဉ်မှူးသုံးဦးမှာ အသက် ၃၃ နှစ် အရွယ်ရှိ အမျိုးသမီးအာကာသယာဉ်မှူး လျူယန်၊ အသက် ၄၆ နှစ်အရွယ် ကျန်ပေပင်းနှင့် အင်ဂျင်နီယာတစ်ဦးဖြစ်သည့် အသက် ၄၂ နှစ်အရွယ်ရှိ လျူဝမ်တို့ဖြစ်ကြသည်။ လူလိုက်ပါခြင်းမရှိသည့် ရှန်ကျိူ့-၈ (Shenzhou-8) အာကာသယာဉ်ကို ပြီးခဲ့သည့်နှစ်က လွှတ်တင်ခဲ့ပြီး Tiagong အာကာသယာဉ်နှင့်အောင်မြင်စွာ ချိတ်ဆက်လုပ်ဆောင်နိုင်ခဲ့သည်။* ***(အပေါ်ပုံ)***

### တောင်ကိုရီးယားရှိ ကော်စေးစက်ရုံ၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

***တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် ဟာဆွန်မြို့ရှိ ကော်စေးထုတ်လုပ်သော စက်ရုံတစ်ရုံတွင် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားမှုကြောင့် လေးဦးပျောက်ဆုံးလျက်ရှိပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ Yonhap သတင်းဌာနက ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။***

***အဆိုပါပေါက်ကွဲမှုသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် စက်ရုံအဆောက်အအုံတစ်လုံးနှင့် အခြားအဆောက်အအုံသုံးလုံးတို့အပါအဝင် ကားအချို့လည်း ပျက်စီးခဲ့သည်ဟုဆိုသည်။ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့အရာရှိများက ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ တိကျသောအကြောင်းအရင်းကို ရှာဖွေစစ်ဆေးလျက်ရှိကြောင်း၊ ယင်းပေါက်ကွဲမှုသည် ကော်စေးနှင့် အဆီများထုတ်လုပ်နေစဉ် စက်ရုံအတွင်းရှိ မီးလောင်လွယ်သော ဓာတ်ငွေ့အိုးပေါက်ကွဲခြင်းဖြစ်သည်ဟုယုံကြည်ကြောင်း၊ ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။***

*(အင်တာနက်)*

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

# အီးယူ---ယူရိုငွေကြေးနှင့် ဂရိပါလီမန်ရွေးကောက်ပွဲ

**တိုး - ရေးသားသည်**

ဂရိနိုင်ငံ ပါလီမန်ရွေးကောက်ပွဲကို ဇွန် ၁၇ ရက်တွင် ကျင်းပသည်။ ဇွန် ၁၈ ရက်၌ မဲစာရင်းများရေတွက်ပြီးသည့်အခါ နယူးဒီမိုကရေစီပါတီက ၁၂၉ မဲရရှိပြီး ၂၉ ဒသမ ၇ ရာခိုင်နှုန်း၊ ဆိုက်ရီဇာပါတီက ၇၁ မဲရရှိပြီး ၂၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆိုရှယ်လစ်(ပါဆော့)ပါတီက ၃၃ မဲရရှိပြီး ၁၂ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့ကြသည်။ ဤရွေးကောက်ပွဲမှာ တစ်လကျော်ကာလအတွင်း ဒုတိယအကြိမ်ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲဖြစ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲကို မေလ ၆ ရက်က ကျင်းပခဲ့သည်။ ထိုစဉ်က အစိုးရဖွဲ့နိုင်လောက်အောင် မည်သည့်ပါတီမှ အနိုင်ရရှိခြင်းမရှိခဲ့။ ထိုအခါ ညွန့်ပေါင်းအစိုးရဖွဲ့ရန် ထိပ်တန်းသုံးပါတီခေါင်းဆောင်များအား ဂရိသမ္မတက တစ်ယောက်ပြီးတစ်ယောက် တာဝန်ပေးသော်လည်း မည်သည့်ခေါင်းဆောင်ကမျှ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးကို အောင်မြင်စွာ မဆောင်ရွက်နိုင်ခဲ့ချေ။

သို့ဖြင့် ဂရိနိုင်ငံတွင် ယာယီအစိုးရဖွဲ့စည်းပေးလိုက်ရသည်။ ဂရိနိုင်ငံလို ယူရိုဇုန်အတွင်း ငွေကြေးအခက်အခဲကြုံနေသည့်နိုင်ငံ၌ ငွေကြေးဆိုင်ရာ မူဝါဒများကို ပြည်သူက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရကသာ ဆုံးဖြတ်လုပ်ကိုင်ခွင့်ရှိသဖြင့် တစ်လကျော်ကာလအကြာတွင် ဒုတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲကို ပြန်လည်ကျင်းပခဲ့ခြင်း ဖြစ်သည်။

> ❝ ဂရိရွေးကောက်ပွဲမှာ ပြည်သူက မည်သည့်ပါတီကို မဲပေးထောက်ခံမည်ဆိုခြင်းကို ကမ္ဘာက အာရုံစိုက်နေ။
>
> ဂရိနိုင်ငံ ယူရိုဇုန်က ထွက်သွားလျှင် အစဉ်အလာကောင်းမည်မဟုတ်၊ ယူရိုဇုန်နှင့် ယူရိုငွေအပေါ် ရိုက်ခတ်နိုင် ❞

ယူရိုငွေကြေးကို ၁၉၉၉ခုနှစ် ဇန်နဝါရီလတွင် စတင်သုံးစွဲခဲ့သည်။ ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင် ၂၇နိုင်ငံအနက် ဗြိတိန်၊ ဆွီဒင်နှင့်ဒိန်းမတ်နိုင်ငံတို့မှအပ ကျန်အီးယူနိုင်ငံများက ယူရိုငွေကို သုံးစွဲကြသည်။ ဂရိနိုင်ငံသည် ယူရိုငွေသုံးစွဲသည့် နိုင်ငံများအဖွဲ့သို့ ၂၀၀၁ခုနှစ်တွင် ဝင်ရောက်သည်။

၂၀၀၈ခုနှစ် ကမ္ဘာ့ငွေကြေး အကျပ်အတည်းကြုံပြီးနောက် ထိုနှစ်ဒီဇင်ဘာလတွင် ဥရောပစီးပွားရေး ကျားကန်ပေးရန် ယူရိုငွေ ဘီလီယံ ၂၀၀ကူညီထောက်ပံ့ရေး အစီအစဉ်တစ်ရပ်ကို သဘောတူချမှတ်လိုက်သည်။ ၂၀၀၉ခုနှစ် ဧပြီတွင် ဘတ်ဂျက်လိုငွေပြမှုများ လျှော့ချရန် အီးယူအဖွဲ့က တိုက်တွန်းသည့် လေးနိုင်ငံတွင် ဂရိနိုင်ငံပါဝင်သည်။ အခြားသုံးနိုင်ငံမှာ ပြင်သစ်၊ စပိန်နှင့် အိုင်ယာလန်သမ္မတနိုင်ငံတို့ဖြစ်ကြသည်။ ထိုနှစ် ဒီဇင်ဘာတွင် ဂရိနိုင်ငံက ကြွေးမြီ ယူရိုငွေ ဘီလီယံ ၃၀၀ရှိကြောင်း ဝန်ခံလိုက်ရာ ခေတ်သစ်သမိုင်းတွင် ကြွေးမြီပမာဏ အများဆုံးပင် ဖြစ်လေတော့သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဂရိကြွေးမြီများကို စနစ်တကျထိန်းသိမ်းနိုင်ရန် ... ကိစ္စနှင့်ပတ်သက်၍ အသုံးစရိတ်ထပ်လျှော့ရန် အီးယူက တိုက်တွန်းသည်။ ခြိုးခြံချွေတာရေး အစီအစဉ်များကြောင့် ဂရိနိုင်ငံ၌ သပိတ်တိုက်ပွဲများ၊ ဆန္ဒပြမှုများပေါ်ပေါက်ခဲ့သည်။

ဂရိနိုင်ငံ ကယ်ဆယ်ရေးအတွက် ၂၀၁၀ခုနှစ် မေလ ၂ရက်နေ့တွင် ယူရိုဇုန်နိုင်ငံများနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)တို့က ဂရိနိုင်ငံအား ယူရိုငွေ ဘီလီယံ ၁၁၀ ကယ်ဆယ်ရေးရန်ပုံငွေ ထုတ်ပေးသည်။ ပြီးခဲ့သည့်၂၀၁၁ခုနှစ်က နောက်ထပ်ယူရိုငွေ ဘီလီယံ ၁၃၀ ထပ်ပေးခဲ့သည်။

သို့ဖြင့် ပြီးခဲ့သည့် မေလ ၆ ရက်နေ့ ရွေးကောက်ပွဲကျင်းပသောအခါ ဂရိနိုင်ငံနှင့် အီးယူ၊ အိုင်အမ်အက်ဖ်တို့အကြား ကယ်ဆယ်ရေးရန်ပုံငွေထုတ်ပေးသည့် သဘောတူညီမှုကိုငြင်းပယ်သည့် နိုင်ငံရေးပါတီများကို ပြည်သူအများစုက ထောက်ခံခဲ့ခြင်းဖြစ်သည်။ ထောက်ခံပါသော်လည်း အစိုးရဖွဲ့နိုင်လောက်အောင် တာဝန်ပေးအပ်ခံရသည့် သုံးပါတီအနေဖြင့် ညွန့်ပေါင်းအစိုးရသော်မှ မဖွဲ့နိုင်ခဲ့သည့်အတွက် ယခုဒုတိယအကြိမ်အဖြစ် ဂရိနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်သည်။



ဂရိနိုင်ငံရေးရာ ကိစ္စရပ် များကို လွှတ်တော် အမတ်များ ဆွေးနွေးညှိနှိုင်းရာဖြစ်သည့် အေသင်မြို့ ဟယ်လင်နစ် အမည်ရှိ ပါလီမန် အဆောက်အအုံကို ဤသို့တွေ့ရသည်။

ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်ဒီအပါအဝင် ဥရောပခေါင်းဆောင်များက ဂရိနိုင်ငံယူရိုဇုန်မှ ထွက်ခွာမသွားရအောင် မဲပေးရာတွင် ဂရုပြုကြရန် ဂရိပြည်သူများအား တိုက်တွန်းသည်။

နိုင်ငံတကာ ကယ်ဆယ်ရေးရန်ပုံငွေ အများအပြားယူထားသည့် ဂရိနိုင်ငံအနေဖြင့် ခြိုးခြံချွေတာရေး စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် ယူရိုဇုန်တွင် စီးပွားရေးသြဇာကြီးသည့် ဂျာမနီနိုင်ငံကလည်း တိုက်တွန်းထားသည်။

ဂရိနိုင်ငံ၌ အဓိကနိုင်ငံရေးအုပ်စု ခုနစ်အုပ်စုအနက် နယူးဒီမိုကရေစီပါတီနှင့် ဆိုရှယ်လစ် (ပါဆော့) ပါတီတို့က ကယ်ဆယ်ရေးရန်ပုံငွေ လိုလားသည့်အုပ်စုနှစ်စုဖြစ်သည်။

ဆန့်ကျင်ဘက်နိုင်ငံရေးအုပ်စုများမှာ ဆိုက်ရီဇာ၊ အင်ဒီပင်းဒင့် ဂရိ၊ ဒီမိုကရက်တစ်လက်ဖ်၊ ကွန်မြူနစ်(ကေကေအီး)နှင့် ဂိုးလ်ဒင်းဒေါင်းတို့ဖြစ်သည်။ ဆိုက်ရီဇာပါတီက ဘဏ်များကို ပြည်သူပိုင်သိမ်းပြီး ယူရိုဇုန် အတွင်း၌ နေမည်ဟုဆိုသည်။ အင်ဒီပင်းဒင့် ဂရိပါတီကလည်း ယူရိုဇုန်အတွင်းဆက်နေမည်။ ဒီမိုကရက်တစ် လက်ဖ်ပါတီကလည်း အလားတူဖြစ်ပြီး ကွန်မြူနစ်(ကေကေအီး) ပါတီကမူ အီးယူကထွက်ပြီး ဂရိကိုယ်ပိုင်သုံးငွေ သုံးစွဲမည်ဟုဆိုသည်။ ဂိုးလ်ဒင်းဒေါင်းကမူ ကယ်ဆယ်ရေးသဘောတူစာချုပ်ကို ဆုတ်ဖြဲပစ်မည်။ သို့သော် ယူရိုဇုန်မှထွက်ရန်မလိုဟုဆိုထားရာ ကွန်မြူနစ်တို့သာ ယူရိုဇုန်ကို ကျောခိုင်းရန် လိုလားခြင်း ဖြစ်သည်။

ဇွန် ၁၈ ရက်က ထွက်ပေါ်လာသည့် ဂရိရွေးကောက်ပွဲရလဒ်အရ ကယ်ဆယ်ရေးရန်ပုံငွေ လိုလားသည့် နယူးဒီမိုကရေစီပါတီနှင့် ဆိုရှယ်လစ်(ပါဆော့)ပါတီတို့က မဲအများဆုံးရရှိခဲ့သည်။ ထို့ကြောင့် ယူရိုဇုန်က ထွက်မထွက် အဖြေကား ထွက်ပေါ်လုနီးပါးဖြစ်နေပြီ ဖြစ်သည်။

ကြွေးမြီမဆပ်ဘဲ ဂရိနိုင်ငံ ယူရိုဇုန်ကထွက်သွားလျှင် အစဉ်အလာကောင်းမည်မဟုတ်၊ ယူရိုဇုန်နှင့် ယူရိုငွေအပေါ် ရိုက်ခတ်နိုင်သည်။ ယူရိုငွေကြေးပြဿနာက ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်လာမည်ကိုလည်း စိုးရိမ်ရသည်မဟုတ်ပါလား။ ။

**ကိုးကား-အင်တာနက်**



# ဂျာမနီနှင့် ပေါ်တူဂီ ကွာတားတက် ဒိန်းမတ်နှင့် နယ်သာလန် ပြိုင်ပွဲမှထွက်ရပြီ

**ဝါဆော ဇွန် ၁၈**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့သည်။ အုပ်စု(B) ပြိုင်ပွဲတွင် ဂျာမနီက ဒိန်းမတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။ ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် လားစ်ဘင်ဒါက ဂျာမနီအတွက် အနိုင်ဂိုးသွင်းယူပေးလိုက်၍ ဂျာမနီတို့ အုပ်စုဗိုလ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

**ဦးဆောင်ကစားနိုင်ခဲ့**

အသက် ၂၃ နှစ်ရှိ လေဗာကူဆင်ကစားသမား ဘင်ဒါသည် ဒိန်းမတ်အသင်း၏ ယူရို ၂၀၁၂ ချန်ပီယံအိပ်မက်ကို အဆုံးသတ်ပေးလိုက်ခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ပွဲစပြီး ၁၉ မိနစ်အကြာ လူးကတ်စ်ပိုဒေါ့စကီးက အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ဒိန်းမတ်အသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီး ခြောက်မိနစ်အကြာ ခရွန်ဒီဟေးက ဒိန်းမတ်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ဂျာမနီအသင်းသည် အုပ်စု(B)တွင် သုံးပွဲကစား၊ သုံးပွဲနိုင်ပြီး ရမှတ် ကိုးမှတ်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ကွာတားဖိုင်နယ်တွင် ဂရိအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ပေါ်တူဂီ-နယ်သာလန်**

ပေါ်တူဂီအသင်းနှင့် နယ်သာလန်တို့ပွဲတွင် ပေါ်တူဂီက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာသည်။ နယ်သာလန်တို့ ပြိုင်ပွဲတွင်ရှုံးနိမ့်ခဲ့ရသော်လည်း နယ်သာလန်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ဗန်ဒါဗတ်က ပွဲစပြီး ၁၁ မိနစ်အကြာတွင် သွင်းယူခဲ့သည်။ ယင်းနောက်မှ ပေါ်တူဂီက နှစ်ဂိုးပြန်သွင်းပြီး အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ဂိုးများကို အသင်းခေါင်းဆောင် စီရိုနယ်ဒိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းသည် ကွာတားဖိုင်နယ်တွင် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

# ဂျာမနီတင်းနစ်ကစားသမား တော်မီဟတ်စ် ဝက်ဘာအိုးပင်းဖလားဆွတ်ခူး

**ဂျာမနီ ဇွန် ၁၈**

ကမ္ဘာကျော်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဂျာမနီနိုင်ငံ ဟယ်လီမြို့၌ ဇွန် ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဝက်ဘာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီနိုင်ငံသား တော်မီဟတ်စ်ကိုရှုံးပြီး ဖလားလက်လွတ်ခဲ့ရသည်။

မြက်ခင်းကွင်းတွင် ငါးကြိမ်တိုင်ဗိုလ်စွဲခဲ့ဖူးသည့် ကမ္ဘာ့အဆင့်-နှစ်ရှိ ရော်ဂျာဖက်ဒဲယားသည် တော်မီဟတ်စ်အား ၇-၆(၇-၅)၊ ၆-၄ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယင်းတို့နှစ်ဦးသည် အချိန် ၁ နာရီနှင့် ၃၅ မိနစ်ကြာအောင် ကစားခဲ့ရသည်။

တော်မီဟတ်စ်သည် ကမ္ဘာ့နံပါတ်-နှစ်အဆင့်ရှိ ကစားသမားဟောင်းဖြစ်သည်။ အသက် ၃၄ နှစ်ရှိ တော်မီဟတ်စ်သည် လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အဆင့် ၈၇ ၌ ရပ်တည်လျက်ရှိသည်။ တော်မီဟတ်စ်နှင့် ရော်ဂျာဖက်ဒဲယားတို့သည် လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း အကြိမ်ကြိမ်တွေ့ဆုံခဲ့ဖူးသည်။ ယခုသီတင်းပတ်သည် မိမိ၏တင်းနစ်ကစားသမားသက်တမ်းတစ်လျှောက် အကောင်းဆုံးကစားခဲ့ခြင်းဖြစ်ကြောင်း တော်မီဟတ်စ်က ပြိုင်ပွဲအပြီးထုတ်ဖော်ပြောကြားသည်။



**ဖလားဆွတ်ခူးနိုင်ခဲ့**

တော်မီဟတ်စ် **(ယာပုံ)**သည် ကိုယ့်မြေကိုယ့်ရေ ပရိသတ်များရှေ့မှောက် ရော်ဂျာဖက်ဒဲယားကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယင်းပြိုင်ပွဲ၌ ဖလားဆွတ်ခူးနိုင်ခဲ့သဖြင့် တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် (၁၃) လုံးမြောက် ဖလားကို ဆွတ်ခူးလိုက်ခြင်းလည်းဖြစ်သည်။ **(အင်တာနက်)**

**မြင့်မောင်စိုး - စုစည်းသည်**





# ယူအက်စ်အိုးပင်းဖလား အမေရိကန်ဂေါက်သီးကစားသမား ဆွတ်ခူး

***ဆန်ဖရန်စစ္စကို ဇွန် ၁၈***

*အမေရိကန်ဂေါက်သီးကစားသမား ဝက်ဆင်ဆွန်သည် ဇွန် ၁၈ ရက်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပသော ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၎င်း၏ပထမဆုံးသော အဓိကဖလားကြီးကို ဆွတ်ခူးရရှိသွားခဲ့သည်။ **(အပေါ်ပုံ)***

*အသက် ၂၆ နှစ်ရှိ ဝက်ဆင်ဆွန်သည် မြောက်အိုင်ယာလန်မှ မက်ဒူးဝဲလ်နှင့် တစ်နိုင်ငံတည်းသား မီခေးလ်သော်မဆင်တို့ထက် တစ်ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။*

*ဆင်ဆွန်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အနီးကပ်ပြိုင်ဘက် မက်ဒူးဝဲလ်နှင့် မီခေးလ်သော်မဆင်တို့သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီ ပိုရိုက်ခဲ့ကြခြင်း ဖြစ်သည်။*

*အသက် ၂၆ နှစ်အရွယ်ရှိ ဆင်ဆွန်သည် မြောက်ကယ်ရိုလိုင်းနားမြို့သားဖြစ်သည်။ သူသည် အပျော်တမ်းဂေါက်သီးကစားသမားဘဝကို ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သည်။ အမေရိကန်ယူအက်စ်ပီဂျီအေတိုးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှစတင်ပြီး ယှဉ်ပြိုင်ခဲ့သည်။ ယူအက်စ်ပီဂျီအေတိုးပြိုင်ပွဲတွင် ဖလားသုံးလုံးအထိ ဆွတ်ခူးထားသည်။ အဓိကဖလားကို ယခု ယူအက်စ်အိုးပင်းဖလားကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။*

*ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ယင်းပြိုင်ပွဲပထမအစတွင် ၁၅ လုံးမြောက် အဓိကဖလားကြီးကို ဆွတ်ခူးရန် ပြိုင်ဘက်များကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ရက်များတွင် ရိုက်ချက်များ လွဲချော်ခဲ့သဖြင့် ဖလားနှင့်ဝေးခဲ့ရသည်။* ***(အင်တာနက်)***

# အလေးမနည်းပြ/ဒိုင်နှင့် သေနတ်ပစ်နည်းပြ/ဒိုင် သင်တန်းများဖွင့်ပွဲ

## ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၈**

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်များက လိုအပ်သောအသိအမှတ်ပြုဒိုင်များ ဖြည့်တင်းပေးနိုင်ရေး၊ ယခင်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးနှင့် အဆင့်မီ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ရှာဖွေဖော်ထုတ်နိုင်ရေး၊ သေနတ်ပစ်အားကစားနည်းနှင့် အလေးမအားကစားနည်းများ ပြန့်ပွားတိုးတက်လာစေပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများပေါ်ထွက်လာစေရေးအစရှိသည့် ရည်ရွယ်ချက် (၃)ရပ်ဖြင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် ယနေ့ နံနက်ပိုင်းတွင် အားကစားလေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ကျင်းပသော အလေးမအားကစားနည်းပြ/ဒိုင်နှင့် သေနတ်ပစ်အားကစားနည်းပြ/ဒိုင်သင်တန်းများဖွင့်ပွဲတွင် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်(ပျဉ်းမနား) ပေါင်းလောင်းအားကစားပြိုင်ပွဲရုံ၌ Champion Challenge Cup အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ တံခွန်စိုက်ဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ တံခွန်စိုက်ဆုရ ကချင်ပြည်နယ်အသင်းအား လည်းကောင်း တံခွန်စိုက်ဒိုင်းများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသမီးသုံးယောက်တွဲ တံခွန်စိုက်ဆုရ မွန်ပြည်နယ်အသင်း (ယာပုံ)နှင့် အမျိုးသားသုံးယောက်တွဲ တံခွန်စိုက်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်အား ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mrs. Nguyen Thi Hong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်နိုင်ရန် ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်အား ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mrs. Nguyen Thi Hong ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးအုန်းလွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇွန် ၈ ရက်က ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရှိ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ခြင်းအခမ်းအနားကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (မြန်မာ့အလင်း)

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

**၁၈-၆-၂၀၁၂**

| | |
|---|---|
| **ထားဝယ်မြို့** | ၃ ဒသမ ၉၀ လက်မ |
| **ကြို့ပင်ကောက်မြို့** | ၃ ဒသမ ၃၅ လက်မ |
| **ဘားအံမြို့** | ၃ ဒသမ ၂၇ လက်မ |
| **တောင်ကုတ်မြို့** | ၂ ဒသမ ၇၂ လက်မ |
| **ပလက်ဝမြို့** | ၂ ဒသမ ၆၄ လက်မ |
| **မော်လမြိုင်မြို့** | ၂ ဒသမ ၆၄ လက်မ |
| **သံတွဲမြို့** | ၂ ဒသမ ၆၀ လက်မ |

# ညောင်ပင်ကြီး ခြေရင်းမှ မှိုကြီးများပေါက်



**နောင်ချို ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တောင်ဘက် တောင်ရပ်ကွက် နောင်ချိုကံကြီးကျေးရွာသို့သွားသည့် ကားလမ်းအနီး ကိုဆန်နီ-မခင်ဌေး (ဆိုင်ကယ်ဝပ်ရှော့ အပိုပစ္စည်း) အရောင်းဆိုင်ရှေ့မျက်နှာချင်းဆိုင် ညောင်ပင်ကြီး၏ ခြေရင်းမှစတင်ကာ မကြာသေးမီက အချင်း ၁၅ လက်မ လုံးပတ် ၃ လက်မခန့်ရှိ အလွန်ထူးဆန်းသော မှိုပွင့်ကြီးများ ၇၀ ကျော် ပေါက်လာခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ထူးဆန်းစွာပေါက်လာသော မှိုကြီးများကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရှိရသည်။ **(ဝဇိဂ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၆-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၅၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၀ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၀ | **စည်းကမ်းလိုက်နာ ဘေးကင်းမှာ** |

**ညပိုင်း**

| | |
|---|---|
| ၄း၄၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၆း၃၅ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၁၃) |
| ၈း၀၀ | ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - ချိုမြိန်ရသာမုန့်ကမ္ဘာ |

**မြန်မာ့အလင်း ပြည်တွင်းအားကစား**

# ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ဇွန် ၁၇ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်က ဘိလိယက်ပြိုင်ပွဲ၌ တတိယဆုရ ကျော်ဦးအားလည်းကောင်း၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နာယက ဗိုလ်မှူးကြီးကျော်ဇံလှ(ငြိမ်း)က ဒုတိယဆုရ ချစ်ကိုကို(မွန်ပြည်နယ်)အားလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ ခင်မောင်ဦးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးစန်းမြင့်(ငြိမ်း)က စနူကာပြိုင်ပွဲ၌ တတိယဆုရ ကိုထက်အားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ဒုတိယဆုရ အောင်မိုးသူအားလည်းကောင်း၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပထမဆုရ ဝင်းကိုအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့် ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



# ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လှျပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လှျပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၆ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုကြသည်။

ပြိုင်ပွဲကို 8 Games 1 set (7 All Tie Break) စနစ်ဖြင့် နှစ်ယောက်တွဲပြိုင်ပွဲကျင်းပရာ အောင်သော်ခန့်နှင့် ချစ်သက်စုအတွဲက ပထမ၊ စိုးမင်းလတ်နှင့် ရန်နောင်စိုးအတွဲက ဒုတိယ၊ မိုးကျော်သူ၊ အောင်မျိုးသန့်အတွဲနှင့် တင်ဦး၊ ခင်ခင်သန်းအတွဲတို့က ပူးတွဲတတိယရရှိကာ ဆုတံဆိပ်နှင့် ဆုကြေးများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က ပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

# ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးကို မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်မှုကျူးလွန်သူ တရားခံနှစ်ဦးအား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ကျောက်ဖြူခရိုင် တရားရုံးက သေဒဏ်အမိန့်ချမှတ်

**နေပြည်တော် ဇွန် ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးကို မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်မှုကျူးလွန်သူ တရားခံနှစ်ဦးဖြစ်သော မာမတ်ရော်ဖီး(ခ) လှဝင်း(ဘ)ဦးမောင်လှ (ခ)ဆွေရောအဟာမက်နှင့် လူလု(ခ) ခူချိ (ခ) မြင့်ဆွေ(ခ)မြင့်ရွှေ (ဘ)ဦးထွန်းအောင်ကျော်(ခ) အာကွေ့ချေတို့အား ယနေ့နံနက် ၁၀ နာရီတွင် ကျောက်ဖြူခရိုင်တရားရုံး၌ ၂၀၁၂ ခုနှစ် ပြစ်မှုကြီးအမှုအမှတ် (၁၄/၂၀၁၂) နှင့်စပ်လျဉ်း၍ စီရင်ချက်အမိန့်ချမှတ်ရန်အတွက် ကြားနာစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁) (ဂ)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် သေဒဏ်အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**ကြိုးဆွဲချသေဆုံး**

အဆိုပါ မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်သူ တရားခံသုံးဦးအနက်မှ တစ်ဦးဖြစ်သည့် တရားခံ ရှောင်ရှူး(ခ) ထက်ထက်(ခ)ဖြိုးဇေယျာကျော်သည် ဇွန် ၉ ရက်က ကျောက်ဖြူအကျဉ်းထောင်၌ ချုပ်နှောင်ထားစဉ် ၎င်းဝတ်ဆင်ထားသည့် ပုဆိုးအား ဆုတ်ဖြဲပြီး ကြိုးအဖြစ်အသုံးပြုကာ ကြိုးဆွဲချသေဆုံးခဲ့သည်။

အဆိုပါအမှုအား ကျောက်ဖြူခရိုင်တရားရုံး၌ ကြားနာစစ်ဆေး၍ စီရင်ချက်ချမှတ်စဉ် ပြည်သူ ၂၀ ခန့် လာရောက်နားထောင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား
# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှဧည့်သည်များ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အာရှနှင့်ပစိဖိတ်အဖွဲ့ဝင်နိုင်ငံများ တာဝန်ခံအရာရှိ Ms. Maika Oshikawa နှင့် မူဝါဒဆန်းစစ်ခြင်းဘာသာရပ်ကျွမ်းကျင်သူ Mr.Masahiro Hayafuji တို့သည် ယနေ့ မွန်းလွဲ ၁နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံ၏ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အခြားနိုင်ငံများနည်းတူ ယခုပို့ကုန်သွင်းကုန်ပစ္စည်းအချို့တွင် စတင်ဆောင်ရွက်နေပြီဖြစ်သည့် Automatic Licensing စနစ်နှင့်ပတ်သက်သောကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





### လက်မှတ်ရေးထိုး

**ဇွန် ၁၈ ရက်က ဆော်ဒီအာရေဗျနိုင်ငံမှ His Royal Highness Nayef Bin Abdulaziz AI Saud, Crown Prince, Deputy Premier and Minister for Interior ကွယ်လွန်ခဲ့သည့်အတွက် ရန်ကုန်မြို့ရှိ ဆော်ဒီအာရေဗျနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်းမှတ်တမ်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

# ၂၀၁၂ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

၂၀၁၂ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို စိုက်ပျိုးချိန်မီရရှိအောင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အချိန်နှင့်တစ်ပြေးညီထုတ်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံတောင်သူများအား ယနေ့နံနက်ပိုင်းမှစတင်၍ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၂)ရပ်ကွက် (၁၉)လမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးနေမှုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

စိုက်ပျိုးစရိတ်ချေးငွေများထုတ်ယူမည့် တောင်သူလယ်သမားများအနေဖြင့် ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့၏ ထောက်ခံချက်၊ ငွေစုဘဏ်စာအုပ်နှင့် မှတ်ပုံတင်တို့ကိုယူဆောင်၍ သက်ဆိုင်ရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များ၌ နေ့စဉ်ရုံးချိန်များအတွင်း ထုတ်ပေးသွားမည်ဖြစ်သည်။

ယနေ့တွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၂)ရပ်ကွက် (၁၉)လမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဒေသခံတောင်သူ ၄၃၇ ဦးအား တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

### လာရောက်တွေ့ဆုံ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အာရှနှင့် ပစိဖိတ်အဖွဲ့ဝင်နိုင်ငံများ တာဝန်ခံအရာရှိ Ms. Maika Oshikawa နှင့် မူဝါဒဆန်းစစ်ခြင်း ဘာသာရပ်ကျွမ်းကျင်သူ Mr. Masahiro Hayafuji တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# မြန်မာ-ကိုရီးယားလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန (KOTRA)မှ ကြီးမှူး၍ Korea Federation of Textile Industry မှ Textile ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ ကုမ္ပဏီရှစ်ခုတို့မှ စီးပွားရေးလုပ်ငန်းရှင်များသည် အထည်အလိပ်၊ အထည်ချုပ်၊ ဆေးဆိုးပန်းရိုက်တို့နှင့် ဆက်စပ်သည့်လုပ်ငန်းများ၊ ကုန်ကြမ်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များသည် KOTRA ရုံးဖုန်း-၀၁-၂၅၅၄၅၃ မှ ၀၁-၂၅၅၄၅၆ အတွင်းရှိ ဖုန်းများသို့ ကြိုတင်ဆက်သွယ်စာရင်းပေးရမည်ဖြစ်ကြောင်း သိရှိရသည်။ **(မောင်တိုး)**



**ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အထက ပြည်ထောင်စုခန်းမတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၀ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှတ်(၃) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းသီထံ လှူဒါန်းပစ္စည်းများ ပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)

## ✳ ဆူဇူကီးအာပလပ်စ်မှ

ရန်ကုန်မြို့တွင် ချယ်ရီကားလေးများ ပေါများစွာတွေ့ရှိလာရသော်လည်း ကားအကြောင်းနားလည်သူ အများစုမှာ ချယ်ရီကား အသုံးပြုလိုသူ နည်းပါးကာ သာမန်ပြည်သူအများစုသာ ချယ်ရီကားကို ကြိုက်နှစ်သက်ကြကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

သူတို့နှစ်မျိုးလုံးက ဆီစားနှုန်းသက်သာတာတူတယ်။ ချယ်ရီက အသစ်ဖြစ်ပေမယ့် တကယ်ယှဉ်ပြီး ခိုင်းစားတဲ့အခါကျရင် ခံနိုင်ရည်အားကတော့ ဂျပန်ကားကို မီမယ်မထင်ဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် အိမ်သုံးဆိုရင် ချယ်ရီလေးတွေက အဆင်ပြေပြီး ခိုင်းစားမယ်ဆိုရင်တော့ ဂျပန်ကားပဲရွေးသင့်တယ်" ဟု တက္ကစီအုံနာ ဦးကြည်မောင်က ဆိုသည်။

"ချယ်ရီလေးက မောင်းရတာသွက်ပါတယ်။ ဒါပေမယ့် အခုအငှားယာဉ်ပြောင်းထားတော့ ကိုင်ရတာညှာရတာပေါ့။ ခရီးသိပ်ဝေးမယ်၊ လမ်းကြမ်းမယ်ဆိုရင်တော့ မလိုက်ချင်ဘူး။ ကားနာမှာစိုးလို့။ မြို့တွင်းခရီးစဉ်လောက်ပဲ အိုကေတယ်" ဟု ချယ်ရီကားမောင်းနှင်သူ တက္ကစီယာဉ်မောင်းတစ်ဦးကလည်း ပြောကြားသည်။

လက်ရှိတွင် ဆူဇူကီးဝက်ဂွန်အာပလပ်စ်ကားလေးများအား ကျပ်သိန်း ၈၀ ဝန်းကျင်ဖြင့် စျေးပေးနေကြကြောင်း သိရှိရသည်။

# ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း ဘုတ်ပြင်း၌ဖွင့်

**ဘုတ်ပြင်း ဇွန် ၁၈**

ဘုတ်ပြင်းမြို့နယ် ကုသိုလ်ဖြစ်အခမဲ့ ဆေးကုသခန်းဖွင့်ပွဲကို မြို့နယ်ဆေးရုံဝင်းအတွင်းရှိ တိုးချဲ့လူနာဆောင်၌ ဇွန် ၄ ရက် နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နိုင်က ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဘုတ်ပြင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်ဌာနဆိုင်ရာများ၊ ကုသိုလ်ဖြစ်အခမဲ့ဆေးကုသခန်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ကြပြီး အလှူရှင်များက ဆေးခန်းသို့ ပရိဘောဂနှင့် ဆေးအတွက် မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းလှူဒါန်းခဲ့သည်။ ဆင်းရဲချို့တဲ့ လူနာများကို အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့တိုင်း အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း ဘဝအမောပြေ

### ဒီလိုပါ — အာကာဟိန်း-ရေးသားသည်

လန်ဒန်မြို့လယ်တွင် ညအချိန်လမ်းလျှောက်လာသော အမျိုးသားကြီး တစ်ဦးထံသို့ လူငယ်နှစ်ဦးချဉ်းကပ်လာပြီး မေးမြန်းလေသည်။

**လူငယ်** ။ ။ **အန်ကယ်ကြီး…ခဏလောက်ရပ်ပါဦး။**
အမျိုးသားကြီး ။ ။ ဘာကိစ္စလဲ။
**လူငယ်** ။ ။ **မေးစရာရှိလို့ပါ။**
အမျိုးသားကြီး ။ ။ ပြော. . ဘာမေးမှာလဲ။
**လူငယ်** ။ ။ **အန်ကယ်ကြီးရဲ့ငွေအကြွေစေ့တစ်ပြားလောက် ခဏပေးပါ။**
အမျိုးသားကြီး ။ ။ ဘာလုပ်မလို့လဲ. . .။
**လူငယ်** ။ ။ **ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အလောင်းအစားလုပ်မလို့ပါ…ခေါင်းပန်းလှန်ပြီးရင် ပြန်ပေးပါ့မယ်။**
အမျိုးသားကြီး ။ ။ အေး. . အေး. . ရော့အကြွေစေ့၊ ဒါထက်. . ဘာအလောင်းအစားလုပ်ကြတာလဲ။
**လူငယ်** ။ ။ **ကျွန်တော်က နာရီယူချင်တယ်.. သူကပိုက်ဆံအိတ်ယူချင်တယ်ဖြစ်နေလို့ ခေါင်းပန်းလှန်ပြီးဆုံးဖြတ်မလို့ပါ။**
အမျိုးသားကြီး ။ ။ အဲဒီဟာတွေက ဘယ်မှာသွားယူမှာလဲ။
**လူငယ်** ။ ။ **အန်ကယ်ကြီးဆီကပါ။**
အမျိုးသားကြီး ။ ။ "ဟေ"

## မြန်မာ့အလင်း မှုခင်းသတင်း

# ကားပေါ်ပြေးတက်သည့်စျေးသည် ပြုတ်ကျ၍ ဒဏ်ရာရ

**ရေစကြို ဇွန် ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် တမာတန်းလမ်းဆုံ ပခုက္ကူ-မန္တလေး ကားလမ်းမကြီးပေါ်တွင် ဇွန် ၁၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပခုက္ကူ-ကမ္ပ-မန္တလေးယာဉ်လိုင်းမှ ယာဉ်မောင်းထွန်းအောင်လှိုင် မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ်တစ်စီးသည် ပခုက္ကူမှ မန္တလေးသို့ မောင်းနှင်လာရာ ရေစကြိုမြို့နယ် တမာတန်းလမ်းဆုံအရောက်တွင် ကားကို ခေတ္တရပ်နားရန်အရှိန်လျှော့စဉ် မစိုးစိုးမှာ ထန်းသီးမုန့်ရောင်းရန် ကားပေါ်သို့ ပြေးတက်ရာ ခြေချော်ပြုတ်ကျပြီး ကားရှေ့ဘီးနှင့်နင်းမိသဖြင့် ညာဘက်လက်မောင်းနှင့် ညာဘက်ခြေထောက်တို့ ဒဏ်ရာများရရှိပြီး လက်ချောင်း၊ ခြေချောင်းများ ကြေမွသွားသည်ဟု သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

# မန္တလေး၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဥ္စနာမဟီရပ်ကွက် ၃၂/၃၃ လမ်းကြား ၇၇ လမ်း အကွက်(၆၃၃) နေအိမ်တွင် ဘုရားစင်အမွှေးတိုင်မှ နံနက် ၇ နာရီ ၅၅ မိနစ်တွင် မီးစတင် လောင်ကျွမ်းရာ မီးသတ်ယာဉ် ၃၅ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး ၈ နာရီ ၁၅ မိနစ်တွင် မီးညွှန့်ကျိုးသွားသည်။ မီးလောင်မှုကြောင့် နံကပ်တိုက်အပေါ်ထပ် တစ်ထပ်လုံး မီးလောင်ခံရကြောင်း သိရှိရသည်။ **(၀၂၆)**



**ဇွန် ၁၂ ရက်က အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးဆိုင်ရာဟောပြောပွဲကျင်းပပြီးနောက် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးစဉ်။**
(မြန်မာ့အလင်း)

**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# မက္ကာမြို့သို့ ဟဂ်ျဘုရားဖူးစေလွှတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဟဂ်ျဘုရားဖူးစေလွှတ်ရေးနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့သို့ ဟဂ်ျဘုရားဖူးစေလွှတ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁၈**

ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့သို့ ဟဂ်ျဘုရားဖူးစေလွှတ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ) ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဟဂ်ျဘုရားဖူးစေလွှတ်ရေးနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အစ္စလာမ်ဘာသာရေးအဖွဲ့များနှင့် ဘုရားဖူးခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများက ဘုရားဖူးစေလွှတ်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ထားမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❐ *ကျော်ဖုံးမှ*

ငွေကျပ် ၃၅၂၄ ဒသမ ၂၀ သန်း ထုတ်ချေးနိုင်ခဲ့ပြီး ဥတ္တရသီရိမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု(၃)အုပ်စုမှ တောင်သူပေါင်း ၄၃၀ က ငွေကျပ် ၅၇ ဒသမ ၀၂သန်း ထုတ်ယူခဲ့ပြီး အစောဆုံးရာနှုန်းပြည့် ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခုနှစ်မှာ အစောဆုံးတာဝန်ကျေအောင် ချေးငွေပြန်လည်ပေးဆပ်ခဲ့သည့် ဥတ္တရသီရိမြို့နယ်အနေဖြင့် လာမည့်နှစ်တွင်လည်း ယခုနှစ်၏ အစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် အစောဆုံးအပြေအကျေ ပြန်လည်ပေးဆပ်နိုင်အောင် ကြိုးစားသွားကြစေလိုကြောင်းဖြင့်ပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စိုက်ပျိုးစရိတ်အခက်အခဲကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေမှ တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ယူချေးပေးနေခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ တစ်ဧကလျှင် ငွေကျပ်လေးသောင်းနှုန်း တိုးတက်ထုတ်ချေးပေးနိုင်ခဲ့သည့်အပြင် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ငွေကျပ် သန်းပေါင်း ၃၅၀၀၀၀ ကျော် ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ တောင်သူလယ်သမားများမှ ၉၈ ရာခိုင်နှုန်း ပြန်လည်ပေးဆပ်နိုင်ခဲ့ပြီး ၂ ရာခိုင်နှုန်းခန့်သာ ပေးဆပ်ရန်ကျန်ရှိကြောင်း၊ နိုင်ငံတော်သမ္မတကြီးက တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ယခုနှစ် မိုးရာသီတွင် သီးနှံတစ်ဧကအတွက် ပြန်လည်ပေးဆပ်ရန် တာဝန်ကျေပြီးဖြစ်သော တောင်သူလယ်သမားများအပေါ်တွင် တစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထုတ်ချေးပေးရန် ၂၀၁၂ ခုနှစ် ဇွန် ၁၃ ရက်က ညွှန်ကြားခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရတို့က တောင်သူလယ်သမားများအပေါ် မေတ္တာစေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ခဲ့မှုအပေါ် တောင်သူဦးကြီးများကလည်း သီးနှံများအမှန်အထွက်တိုးစေရေးအတွက် စိုက်ပျိုးစရိတ်များကို စိုက်ခင်းများအရောက် မှန်မှန်ကန်ကန်သုံးစွဲ၍ စိုက်ပျိုးအကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ကိုယ်တိုင်တိုးတက်ကြီးပွားကြစေရန်၊ အကျိုးခံစားရရှိနိုင်ကြရန် ဥစ္စာရင်လို ဥစ္စာရင်ခဲ နိုးကြားတက်ကြွစွာဖြင့် တောင်သူတစ်ဦးချင်းမှသည် နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံး၊ နိုင်ငံတစ်ဝန်းလုံး တိုးတက်ကြီးပွားလာစေရေး နိုးနိုးကြားကြား တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက သက်ဆိုင်ရာ နယ်မြေအလိုက် ၂၀၁၂ ခုနှစ် မိုးသီးနှံထုတ်လုပ်မှုအတွက် တစ်ဧကငွေကျပ်ငါးသောင်းနှုန်းဖြင့် ဘဏ်ချေးငွေများကို ဒေသခံတောင်သူများထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ပုလဲသွယ်ဆန်များကို နမူနာအဖြစ် ပေးအပ်ခဲ့သည်။

ယနေ့ကျင်းပသည့် ၂၀၁၂ ခုနှစ် မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇလောင်း၊ မောင်းရမ်းနှင့် မင်းတုန်းကျေးရွာအုပ်စုများမှ တောင်သူလယ်သမား ၄၃၇ ဦးအတွက် သီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးငွေကျပ် ၇၄၆ သိန်းကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျည်တောင်ကန်၊ ရွာတော်၊ ဇီးကုန်း၊ သစ်ယာကုန်း၊ ဆိတ်နံကုန်း၊ သပြေကုန်း၊ ညောင်ပင်ကြီးစုနှင့် ရွာသစ်ကျေးရွာအုပ်စုများမှ တောင်သူလယ်သမား ၇၂၅ ဦးအတွက် သီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးငွေကျပ် ၂၁၈၈ သိန်းကိုလည်းကောင်း အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မိုးစပါးသီးနှံထုတ်လုပ်မှု စိုက်ပျိုးရေးစရိတ်ချေးငွေများကို ယနေ့မှစတင်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# “မြန်မာအမျိုးသမီးများနေ့” ဇူလိုင်လ (၃) ရက်

# ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်ဆွေးနွေးမှာကြား



**အမှာစကား ပြောကြား**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၈**

ပညာရေးဝန်ကြီးဌာန ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်း ဖြစ်ကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးလုပ်ငန်းပြုပြင်ပြောင်းလဲသင့်သည်များကို လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ သင်ရိုးညွှန်းတမ်းများကို လေ့လာသုံးသပ်ကာ ပြုပြင်ဖြည့်စွက်သင့်သည်များကို ပြုပြင်ဖြည့်စွက်ပေးမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ တိုးချဲ့ဖွင့်လှစ်ပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် နောက်ပိုင်းတွင် ကျောင်းပြင်ပပညာရေး၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးဆောင်ပုဒ်ဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို ဟန်ချက်ညီညီ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းတွင်း အားကစားလေ့ကျင့်မှုများနှင့်အတူ နိုင်ငံတော်အဆင့် ကျောင်းသား အားကစားပွဲတော်ကို နှစ်စဉ်ကျင်းပပေးမည် ဖြစ်ကြောင်း၊ ကလေးဗဟိုပြု သင်ကြားနည်းဖြင့် ထိရောက်စွာ အသုံးပြုသင်ကြားနိုင်ရေးအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသော ဆရာကြီး ဆရာမကြီးတို့သည် အတွေ့အကြုံရင့်ကျက်သော ဝါရင့်သမ္မာရင့်ပညာရှင်ကြီးများဖြစ်ကြသည့် အားလျော်စွာ ဆရာကြီး ဆရာမကြီးတို့ထံမှ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် အကြံကောင်းများ ရရှိနိုင်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

**ဆက်လက်ကျင်းပ**

ထို့နောက် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် အဆင့်မြင့်ပညာကဏ္ဍအတွက် တက္ကသိုလ် ပညာသင်ရိုးညွှန်းတမ်းများအား လေ့လာသုံးသပ်ခြင်း၊ ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေး၊ သင်ကြားမှု သင်ယူမှုနည်းစနစ်များပြုပြင်ပြောင်းလဲရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးနှင့် ထိရောက်သောလက်တွေ့သင်တန်းများ၊ နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ရေး၊ လက်ရှိကျင့်သုံးနေသောစာမေးပွဲစနစ်များ ပြုပြင်ပြောင်းလဲရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးနှင့်ထိရောက်သောလက်တွေ့သင်တန်းများ၊ နိုင်ငံတကာ ပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင် ထောက်ပံ့ကြေးများချီးမြှင့်ရေး၊ လက်ရှိကျင့်သုံးနေသော စာမေးပွဲစနစ်အား လေ့လာသုံးသပ်ခြင်း၊ အသုံးပြုနိုင်သည့်အဆင့်သို့ ကူးပြောင်းနိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ အင်္ဂလိပ်စာ အရည်သွေးတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သောနည်းလမ်းများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်ပညာရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍဟူသော ဆွေးနွေးပွဲခေါင်းစဉ်များဖြင့် လည်းကောင်း၊ အခြေခံပညာကဏ္ဍအတွက် အခြေခံပညာ သင်ရိုးညွှန်းတမ်းများအား လေ့လာသုံးသပ်ခြင်း၊ ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေး၊ သင်ကြားမှု၊ သင်ယူမှုနည်းစနစ်များ ပြုပြင်ပြောင်းလဲရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးနှင့်ထိရောက်သော လက်တွေ့သင်တန်းများ၊ နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများချီးမြှင့်ရေး၊ လက်ရှိ ကျင့်သုံးနေသော စာမေးပွဲစနစ်အား လေ့လာသုံးသပ်ခြင်း၊ မသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်ရေး၊ အခြေခံပညာကျောင်းသားများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံပညာရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် နိုင်ငံသမိုင်းသင်ခန်းစာများနှင့် မိမိနိုင်ငံ၏ ပထဝီဝင်ကို သိရှိနားလည်မြတ်နိုးစေရေးအတွက် ပထဝီဝင်သင်ခန်းစာများကို ကျစ်လျစ်စွာဖြင့် ပြန်လည်ရေးသားပြုစုရေးဟူသော ဆွေးနွေးပွဲခေါင်းစဉ်များဖြင့် လည်းကောင်း ဇွန် ၁၉ ရက်အထိ ပညာရှင်များက အကြံပြုဆွေးနွေးကြမည်ဖြစ်သည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ပညာရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နမ့်ခမ်းမြို့နယ် သစ်တောဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က နမ့်ခမ်းမြို့နယ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မင်းနောင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ အပင် ၄၀၀ တို့ကို စိုက်ပျိုးကြစဉ်။

(မြန်မာ့အလင်း)

**သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# ရန်ကုန်-မန္တလေး အမြန်လမ်း ယာဉ်အန္တရာယ်ကင်းရှင်းရေး(၂)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ခရမ်းစိုးမြင့်

*(ယမန်နေ့မှအဆက်)*

ယခင်က ရန်ကုန်-မန္တလေးလမ်းသည် သာမန်နှစ်လမ်းမောင်းသာဖြစ်၍ အမြန်မောင်း၍မရပါ။ ထို့ကြောင့် ကားမတော်တဆ(ကားမှောက်)မှုနည်းပါးသည်ကိုတွေ့ရပါသည်။ (ယခုအမြန်လမ်းတွင် မှောက်နေကြသည့် ကားကောင်းများ၊ အမြင့်ကားများ မပါသလောက် ဖြစ်သည်။)ရန်ကုန်-မန္တလေး အမြန်လမ်းတွင် အမြန်မောင်းနှင်နိုင်သောကြောင့် ယာဉ်မတော်တဆမှုဖြစ်ပါက မတော်တဆဖြစ်သော ကားများမှာ (ကီလို ၁၄၀-၁၅၀-၁၆၀)အထိမောင်းပြီး အရှိန်မထိန်းနိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် အမြန်လမ်းပတ်ဝန်းကျင်နေပြည်သူလူထု၏ အသိနှင့်စည်းကမ်းရှိမှုအားနည်းခြင်း၊ မော်တော်ဆိုင်ကယ်များကားရှေ့မှ ကိုးရိုးကားရားမောင်းနှင်နေကြခြင်း၊ တချို့လမ်းပြောင်းပြန်မောင်းနေကြခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။



အမြန်လမ်းပေါ် ကားမတော်တဆ မဖြစ်စေရအောင် ဆောက်လုပ်ရေးဝန်ကြီးဌာန တိုးဂိတ်များ၌ ဤသို့ သတိပေးဆိုင်းဘုတ်များဖြင့်…။

ဆက်လက်၍ ကျွန်တော်သည် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားပါက လက်ရှိကူညီဆောင်ရွက်မှုနှင့် နောင်ဆောင်ရွက်မည့် အစီအစဉ်များရှိရင်လည်း ရှင်းပြပေးပါဟု အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်အား မေးကြည့်ရာ ဦးမျိုးမြင့်က အမြန်လမ်းမကြီးပေါ်မှာဖြစ်ခဲ့တဲ့ မတော်တဆမှုတွေကို လမ်းမကြီးရဲ့ တည်ဆောက်ရေးအဖွဲ့နဲ့ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့တွေက မတော်တဆဖြစ်တယ်ဆိုတဲ့သတင်း ရောက်ရှိတာနဲ့ လိုအပ်သလို ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ အများအားဖြင့် ၁၀ မိုင် ၁၅ မိုင်ကြားလောက်မှာ လုပ်ငန်းကြီးကြပ်အင်ဂျင်နီယာတွေ၊ ကာယဉာဏအလုပ်သမားတွေရှိကြပါတယ်။ သူတို့သိတာနဲ့ သွားရောက်ကူညီခဲ့ကြပါတယ်။ အချိန်မတော် ညဘက်မှာဖြစ်တဲ့ မတော်တဆမှုတွေကိုတော့ ချက်ချင်းမသိရတာမျိုးလည်း ရှိပါတယ်။ အများအားဖြင့်လမ်းပိုင်းဆိုင်ရာ တာဝန်ရှိသူတွေက ထိခိုက်ဒဏ်ရာရသူတွေကို ဟိုင်းလတ်ကား၊ လိုက်ထရပ်ကားတွေနဲ့ နီးစပ်ရာဆေးရုံကို အရောက်ပို့ပေးခဲ့ကြပါတယ်။ သေဆုံးသူများကိုတော့ လုပ်ငန်းလုပ်နေသော ထရပ်ကားတွေ၊ Tipper ကားတွေနဲ့ နီးစပ်ရာဆေးရုံနဲ့ လူနာရှင်ရဲ့ဆန္ဒအရ ၎င်းတို့ရပ်ရွာအထိ ပို့ဆောင်ကူညီပေးခဲ့ပါတယ်။ အလုပ်လုပ်ချိန်မဟုတ်လို့ တစ်ခါတစ်ရံ မသိလိုက်တာလည်းရှိပါတယ်။

အရင်က လမ်းမကြီးပေါ်မှာ ဖြစ်ပေါ်ခဲ့တဲ့ မတော်တဆမှုအားလုံးကို ဖိဖိစီးစီး စောင့်ကြည့်ကူညီနိုင်ခဲ့တဲ့အထိတော့ လုပ်မပေးနိုင်ခဲ့ပေမယ့် မတော်တဆမှုအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းလောက်ကို ကူညီပေးခဲ့တာက အမြန်လမ်းမှာတာဝန်ယူကြတဲ့ အင်ဂျင်နီယာအဖွဲ့များသာဖြစ်ပါတယ်။

(၁၆-၅-၂၀၁၂)ရက်နေ့ နံနက် ၂ နာရီခွဲအချိန် မိုင် ၂၅၈/၂-၃ အကြား အသွားလမ်းတွင် ဝါးအလုံးတစ်ထောင် တင်ဆောင်လာတဲ့ ဝါးကားကို နောက်မှခရီးသည်တင်ယာဉ်တစ်စီးက ဝင်တိုက်မိပါတယ်။ ကားက လမ်းလယ်ကျွန်းကို ဖြတ်ကျော်ပြီး အပြန်လမ်းဘက်ခြမ်း ကမ်းပါးယံကိုတိုက်မိမှ ရပ်တန့်သွားခဲ့တာပါ။ ဖြစ်စဉ်မှာ ယာဉ်မောင်းနှစ်ဦး၊ ယာဉ်မောင်းအကူတစ်ဦးနဲ့ ခရီးသည်နှစ်ဦးတို့ နေရာမှာပဲ ပွဲချင်းပြီး သေဆုံးခဲ့ပါတယ်။

ဒီဖြစ်စဉ်မှာဆိုရင် အမြန်လမ်းမကြီးရဲ့တာဝန်ရှိသူ အပိုင်းလိုက်တာဝန်ခံဟာ နာရီဝက်အတွင်းရောက်ရှိခဲ့ပါတယ်။ ရောက်ရှိတာနဲ့ ဌာနကားများနဲ့ပဲ ဒဏ်ရာရရှိသူ ၁၅ ဦးကို မိတ္ထီလာဆေးရုံ အမြန်ပို့ဆောင်ပေးခဲ့ပါတယ်။ ကားအပျက်အစီးတွေလည်း ပေပင်လေးရဲစခန်းမှူးအဖွဲ့နဲ့ ပူးပေါင်းပြီး ကရိန်းနှစ်စီးနဲ့ ကြေမွနေတဲ့ဘတ်စ်ကားထဲကနေ Dead Body တွေကို သယ်ထုတ်၊ မန္တလေးနှင့် ပျော်ဘွယ်ကနာရေးကူညီမှုအသင်း လူနာသယ်ယာဉ်တွေနဲ့ ညောင်ကုန်းတိုက်နယ်ဆေးရုံကို ပို့ဆောင်ပေးခဲ့ပါတယ်။

(၉-၃-၂၀၁၂) ရက်နေ့က အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၂၈/၀ မှာ နွားငယ်တစ်ကောင်ကို တိုက်မိပြီး သေဆုံးသွားခဲ့တဲ့ မတော်တဆဖြစ်စဉ်မှာလည်း မိုင်တိုင်အမှတ် ၁၃၄/၂ ဖာလုံမှာရှိတဲ့ လမ်းမကြီး ပြင်ဆင်ထိန်းသိမ်းရေးစခန်းက တာဝန်ခံအင်ဂျင်နီယာ ရောက်ရှိလာခဲ့ပါတယ်။ အဲဒီအချိန်မှာ လူနာဟာ စကားပြောနိုင်ပါတယ်။ အဲဒီအချိန်မှာ ယူနီဆက်ကြက်ခြေနီတံဆိပ်နဲ့ ဆရာဝန်က ၎င်းမှာလုံလောက်တဲ့ဆေးမပါလို့ ဆေးရုံပို့ပေးဖို့ ပြောပြချက်အရ ဖြူးဆေးရုံကို ပို့ပေးပါတယ်။ ဖြူးဆေးရုံမှာ ၂ နာရီခန့် ဆေးကုသမှုများ ခံယူခွင့်ရရှိပါတယ်။ နောက်လူနာရဲ့မိသားစုအစီအစဉ်နဲ့ ဖြူးဆေးရုံကနေ ရန်ကုန်ဆေးရုံကြီးကို ရွှေ့ပြောင်းစဉ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

အခုအခါမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန အစီအစဉ်နဲ့ ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး ဖြစ်ပါတယ်။ လမ်းမကြီးတစ်လျှောက် ၁၂ မိုင်ကြားမှာ အငယ်တန်းအင်ဂျင်နီယာ တစ်ဦးစီပါရှိတဲ့ အဖွဲ့တစ်ဖွဲ့စီထားရှိပြီး လမ်းတွေပျက်ရင် အချိန်မီပြင်ဆင်ပေးနိုင်အောင်ရယ်၊ မတော်တဆမှုဖြစ်ပွားရင် ချက်ချင်း ကူညီဆောင်ရွက်နိုင်အောင်ရယ် စီမံပေးထားပြီဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း အမြန်လမ်းမကြီးရဲ့ ခရီးလမ်း လုံခြုံချောမွေ့စေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး၊ စည်းကမ်း ထိန်းသိမ်းရေးတို့အတွက် ရဲမှူးကြီးတစ်ဦး ဦးစီးသော အမြန်လမ်းမကြီး ရဲတပ်ရင်းတစ်ရင်းကို (၂၀-၅-၂၀၁၂)ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီး နေပြည်တော် ယာဉ်ရပ်နားစခန်းမှာ အခြေပြုထားရှိပါတယ်။ ရန်ကုန်ကနေ မန္တလေးအထိ အပိုင်းလိုက် ရဲစခန်းများ ဖွင့်လှစ်ထားရှိပါတယ်။ ရဲစခန်းတွေကို ပျမ်းမျှ မိုင် ၂၀ ခန့်မှာ တစ်ခုထားရှိနေပြီဖြစ်ပါတယ်။

ရဲတပ်ရင်း၏ ဖွဲ့စည်းပုံမှာ လမ်းမကြီးလုံခြုံရေးအတွက် လိုအပ်ချက်အပြည့်အစုံကို တပ်ဆင်ပေးခဲ့ပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအတွက် အရှိန်တိုင်းကိရိယာများ၊ အရက်မူးတိုင်းကိရိယာများ ပါဝင်ပါတယ်။ ဒါ့ပြင် မော်တော်ယာဉ်များ မတော်တဆ (Accident)ကြောင့် ထိခိုက်ဒဏ်ရာရရှိရင် ကူညီပေးဖို့ ရဲတပ်ဖွဲ့၊ ဆရာဝန်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ကားဆွဲယာဉ်၊ ကရိန်းစတဲ့ စက်ယာဉ်ယန္တရားတွေကိုပါ ဖွဲ့စည်းပေးထားပါတယ်။



ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ဖြစ်ပွားလျက်ရှိသော မော်တော်ကားမတော်တဆမှုများဖြစ်ရသည့်အကြောင်းတွင် မော်တော်ဆိုင်ကယ် လမ်းပြောင်းပြန်စီးနေမှုများကြောင့်လည်းဖြစ်သည်။

လမ်းမကြီးထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တွေကလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ သုံးနာရီတစ်ကြိမ် RT စက်တွေချိတ်ဆက်၍ ထူးခြားဖြစ်စဉ်တွေကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နေပါတယ်။ အရေးပေါ်ဆက်သွယ်မှုတွေလည်း ချိတ်ဆက်ထားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဖြူး Rest Camp မှာ ကြက်ခြေနီ ဒုတိယတပ်ရင်းမှူးအဆင့် ရုံးဖွင့်ပြီး ရှေးဦးသူနာပြုလုပ်ငန်းများ လက်လှမ်းတမီဆောင်ရွက်နေပြီဖြစ်ပါတယ်လို့ ရှင်းလင်းပြောကြားပါသည်။



အမြန်လမ်းပေါ်မှာ ယာဉ်တိမ်းမှောက်မှုများ မဖြစ်စေရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူပေးထားသည်။

အမြန်လမ်းပေါ်တွင် ဖြစ်ပျက်ခဲ့သော မတော်တဆမှုများတွင် သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းခြင်း၊ ယာဉ်မောင်းများ အိပ်ငိုက်ခြင်း၊ ကားဘီးပေါက်ခြင်း၊ လမ်းသွားလမ်းလာများ လမ်းပေါ်တွင်ကစားခြင်း၊ လမ်းလျှောက်ခြင်း စသည်တို့ကြောင့် ဖြစ်ရသော မတော်တဆမှုများလည်းပါသည်။

အမြန်နှုန်းဖြင့် မောင်းနှင်သော ခရီးဝေးလမ်းမကြီးပေါ်တွင် မောင်းနှင်နေသောယာဉ်မောင်းများသည် မောင်းချိန် တစ်နာရီခန့် (သို့မဟုတ်) ခရီးအကွာအဝေး မိုင် ၅၀ ခန့် မောင်းပြီးလျှင် ခန္ဓာကိုယ်တောင့်တင်းမှုဖြစ်ခြင်း၊ ငိုက်မျဉ်းမှုဖြစ်တတ်သဖြင့် စားသောက်ပြီးလျှင် နာရီဝက် (သို့မဟုတ်) ခရီးအကွာအဝေး မိုင် ၂၅ မိုင်ခန့် မောင်းပြီးလျှင် အစာအဆိပ်တက်၍ ငိုက်မျဉ်းမှုဖြစ်တတ်ပေသည်။ တစ်နာရီမိုင် ၆၀ နှုန်းဖြင့် မောင်းနှင်နေသော ကားတစ်စီးသည် တစ်စက္ကန့် ငိုက်မိလျှင် ၈၈ ပေ အကွာအဝေးသို့ ရောက်သဖြင့် ပေ ၅၀ အကျယ်ရှိသော ကွန်ကရစ်လမ်းမျက်နှာပြင်ပေါ်မှ လမ်းဘေး (သို့မဟုတ်) လမ်းအလယ်ကျွန်းပေါ်သို့ကျရောက်ပြီး ယာဉ်မတော်တဆဖြစ်နိုင်ပါသည်။

မြန်မာနိုင်ငံလမ်းများတွင် စိုက်ထူထားသော "အသိပေး၊ သတိပေး" နှင့် လမ်းညွှန်ဆိုင်းဘုတ်များသည် နိုင်ငံတကာတွင်သုံးလျက်ရှိသော သင်္ကေတများနှင့် ကွာခြားမှုမရှိပါ။ ဗန်ကောက်မြို့ UNESCAP ၌ အာရှလမ်းမကြီးများကဲ့သို့ နိုင်ငံတကာဆက်သွယ်ရေးလမ်းများတွင် ဆိုင်းဘုတ်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးရာ၌ အဖွဲ့ဝင်နိုင်ငံများသာမက တစ်ကမ္ဘာလုံး တစ်ပြေးညီဖြစ်စေရေးအတွက် ဗီယင်နာ ပြဋ္ဌာန်းချက် (Vienna Convention) ကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။ လမ်းလယ်ကျွန်းများကို မြေပြင်အနေအထားအရ ကျွန်းမြင့်(သို့မဟုတ်) ကျွန်းနိမ့်ထားပါသည်။ အများအားဖြင့် လူနေအိမ်ခြေရှိသော မြို့/ရွာများအတွင်း ဖြတ်သန်းသွားသော အရှိန်နှုန်းနည်းနည်းဖြင့် မောင်းရမည့်လမ်းများတွင် လမ်းလယ်ကျွန်းမြင့်ထားပြီး လမ်းဘေးကာတုံး (Curb)၊ အမြင့် (Barrier Type)ကို ယာဉ်သွားလမ်းအဆုံးမှ အနည်းဆုံး တစ်ပေခွာ၍ တည်ဆောက်ပြီး မြို့ပြင်တွင် ကျွန်းနိမ့်ဖြင့်တည်ဆောက်၍ လမ်းဘေးကာတုံးများမထည့်ဘဲ ကျွန်းလယ်တွင် ရေမြောင်းထည့်သွင်း တည်ဆောက်ထားပါသည်။ (ဥပမာ) ဗန်ကောက်မှ ကန်ချနာဘူရီအထိ အလယ်ကျွန်းသည် အနိမ့်ဖြစ်ပြီး မြို့တွင်းတွင် အမြင့်ထားပါသည်။ နယူးဒေလီမှ အာဂရာအထိ လမ်းလယ်ကျွန်းသည် အမြင့်ဖြစ်ပါသည်။ ကူမင်းမှ တောင်ပေါ်အပန်းဖြေစခန်းအထိ လမ်းလယ်ကျွန်းသည် မြို့/ရွာများအတွင်းတွင် ကျွန်းမြင့်တည်ဆောက်ထားပြီး ကျန်နေရာများတွင် သဘာဝ တောင်ကြောများအတိုင်း လိုက်လံဖောက်လုပ်ထား၍ ကျွန်းနိမ့်ကဲ့သို့ဖြစ်ပြီး အကျယ်သတ်မှတ်ချက်မရှိပါ။ သို့ပါ၍ ရန်ကုန်-မန္တလေး အမြန်လမ်းအပိုင်းတွင်လည်း ဤနည်းအတိုင်းဖြစ်သည်ဟု သိရသည်။

အမြန်လမ်းသည် ယာဉ်သွားလာမှုရှင်းပြီး အမြန်နှုန်းဖြင့် မောင်းနိုင်သဖြင့် အရှိန်တက်မှန်းမသိ တက်လာသည်ကို ထိန်းရန် လမ်းဘေးဆိုင်းဘုတ်များအပြင် အဝေးထိန်းကိရိယာများ လိုအပ်ပါက လမ်းမကြီး၏ (Highway Police) များထား၍ အရှိန်ထိန်းပေးလျှင် မတော်တဆမှုကို ထိန်းပေးခြင်းပင်ဖြစ်ပါသည်။ အရှိန်ဖြင့်မောင်းစဉ် ရုတ်တရက် ဘရိတ်အုပ်၍သော်လည်းကောင်း၊ မတော်တဆဖြစ်၍ သော်လည်းကောင်း ယာဉ်ပေါ်ပါလူများ ကားထိုင်ခုံမှ လွတ်ထွက်မသွားစေရန်အတွက် ထိုင်ခုံခါးပတ်များ ပတ်ထားရန် အသိပေးထားရပါမည်။ မော်တော်ယာဉ်များ တာယာကွဲ၊ ဘီးပေါက်ခြင်းများ မရှိစေရန်၊ အောက်ပိုင်းများ ကောင်းမွန်စေရန် စသည့်ကြံ့ခိုင်မှုများကို သေသေချာချာ စစ်ဆေးပြီးမှ လမ်းများပေါ် မောင်းနှင်ကြရန်သာ ဖြစ်ပါကြောင်းကို အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။



ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးကို ဤသို့တွေ့ရသည်။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အား
## အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Dr.V.S. Seshadri နှင့်အဖွဲ့သည် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ဆေးရုံကြီး မုံရွာမြို့မှ ဆရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံမှ ပါရဂူဆရာဝန်ကြီးများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ကျောက်ကပ်ရောဂါ၊ ဦးနှောက်နှင့်အာရုံကြောရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါနှင့် အရိုးရောဂါများ အခမဲ့စမ်းသပ်ကုသပေးပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ တိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအများပိုင်ကုမ္ပဏီဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျောက်မဲခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇွန် ၁၃ ရက်က ဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က စခန်းသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ဇံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (မြို့နယ် လဝက)

# ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်

**လေးမျက်နှာ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုံကျစျေးသည်များနှင့် အနေးယာဉ်မောင်းလုပ်သားများ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်စည်ပင်အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက်က ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင်က ကျောင်းသား ကျောင်းသူ ၁၂ ဦးအတွက် ကျောင်းဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း
## ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအား ဆန္ဒမဲပေးရွေးချယ်

**ရန်ကုန် ဇွန် ၁၈**

၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ် ညီလာခံမှ ညီလာခံကိုယ်စားလှယ်များက ပွင့်လင်းလွတ်လပ်သော ဒီမိုကရေစီနည်းလမ်းအရ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၃၅ ဦးတို့အား ဆန္ဒမဲပေးရွေးချယ်ကြသည်။

**ရွေးချယ်တာဝန်ပေး**

ယင်းနောက် ရွေးချယ်ခံထားရသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၃၅ ဦးတို့က ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) အား ဥက္ကဋ္ဌ၊ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)အား ဒုတိယဥက္ကဋ္ဌ-၁၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)အား ဒုတိယဥက္ကဋ္ဌ-၂၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) အား ဒုတိယဥက္ကဋ္ဌ -၃၊ ဦးမောင်မောင်အေး(မောင်ဟေမာ)အား အတွင်းရေးမှူး၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)အား တွဲဖက်အတွင်းရေးမှူး-၁၊ ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)အား တွဲဖက်အတွင်းရေးမှူး-၂၊ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)အား တွဲဖက်အတွင်းရေးမှူး-၃၊ ဦးခင်မောင်ကြွယ် (ကောင်းသန့်)အား ဘဏ္ဍာရေးမှူး၊ ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)အား စာရင်းစစ်အဖွဲ့ခေါင်းဆောင်နှင့် ဦးမောင်မောင်ဦး (ဟိန်းလတ်)အား ပြန်ကြားရေးမှူးတို့အဖြစ် ရွေးချယ်တာဝန်ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Malaysia Remittance Business (May Bank to CB Bank)

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့ခြင်းလုပ်ငန်းကို မလေးရှားနိုင်ငံမှ May Bank နှင့် မြန်မာနိုင်ငံမှ CB Bank တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး ၂၀၁၂ ခုနှစ် ဇွန်လ ၇ ရက်မှစ၍ ငွေလွှဲလုပ်ငန်းကို စတင်ဆောင်ရွက်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မလေးရှားနိုင်ငံရှိ May Bank ၏ ဘဏ်ခွဲပေါင်း ၄၀၀ ကျော်မှတစ်ဆင့် ငွေလွှဲပေးပို့နိုင်ပြီး မြန်မာနိုင်ငံရှိ CB Bank ၏ ဘဏ်ခွဲများ၊ CB Bank နှင့် ပြည်တွင်းငွေလွှဲချိတ်ဆက်ထားသော မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင်လည်း လွှဲပို့ငွေများအားထုတ်ယူနိုင်ပါမည်။ နယ်မြို့များတွင် လွှဲပို့ငွေများကို ထုတ်ယူမည်ဆိုပါက သတ်မှတ်ထားသည့် ပြည်တွင်းငွေလွှဲခနှုန်းထားအတိုင်း ထပ်မံကောက်ခံပါမည်။




**ဖခင် အမည်မှန်**
ရမည်းသင်းမြို့၊ ဆေးပုလဲကုန်းကျေးရွာနေ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၉/ရမသ(နိုင်) ၀၇၃၁၅၂ ဖြစ်ပါသည်။

**အမည်ပြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် ပေပင်လေးကျေးရွာနေ(ဘ)ဦးဖိုးချစ်၏သား မောင်ဆယ်သိန်း ၉/ပဘန(နိုင်)၁၅၆၁၃၃ အား မောင်ထွန်းထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ထွန်းထွန်းအောင်**

**အမည်ပြောင်း**
ဦးကျော်ရင် ၇/တငန(နိုင်)၀၆၆၈၀၂ ၏သား တောင်ငူမြို့ လေ့ကျင့်ရေးကျောင်း စတုတ္ထတန်း(A)မှ မောင်ဥက္ကာအောင်အား မောင်မင်းလွင်ထူးဟု ပြောင်းလဲခေါ်ပါရန်။
**မောင်မင်းလွင်ထူး(တောင်ငူ)**

**မော်ဒယ်လ် ဖိတ်ခေါ်ပွဲ**
သီချင်း V.C.Dရိုက်ကူးမည်ဖြစ်၍ မြန်မာပြည်အရပ်ရပ်မှ မော်ဒယ်လ်များ (ကျား-မ) မည်သူမဆို ဆက်သွယ်စာရင်းပေးပါဝင်သရုပ်ဆောင်နိုင်ပါသည်။ အမှတ်-၅၊ ၁၁၈လမ်း(မင်္ဂလာဈေး-အနီး)၊ရန်ကုန်၊နေ့စဉ်(နံနက် ၉နာရီမှ ၁၂နာရီ)အထိ
ဖုန်း-၀၉-၄၃၁၀၆၅၆၇






# တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံဘွဲ့ရအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပူးတွဲ တင်ပြနိုင်ရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(စ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိတပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဆ) သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science) ရရှိပြီးသူဖြစ်ရမည်။ (ဘွဲ့လက်မှတ်မူရင်း တင်ပြနိုင်ရမည်)။

(ဇ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဈ) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ(၄)ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရေးချုပ်ရုံးသို့ ပေးပို့ကြရမည်။

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များကိုသာ တပ်မတော်ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင်ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာ များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၄။ ရွေးချယ်ခြင်းခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်း အောင်မြင်ပြီးလျှင် ဗဟိုဆေးတပ်တွင် ရက်သတ္တပတ်(၁၂)ပတ်ကြာ သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစာငွေ (၃၅၀၀၀)ကျပ်နှင့် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး(၃၀၀၀၀)ကျပ်၊ စုစုပေါင်း(၆၅၀၀၀)ကျပ် ခံစားခွင့်ရှိသည်။

၅။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)အဖြစ် ခန့်အပ် ပေးမည်ဖြစ်ပြီး ရာထူးခန့်ထားရေးစည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ်အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်သည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့်အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

# ဂီတလောကနှင့် ဂီတလောကသားများအကျိုး၊ အမျိုးသားရေးအကျိုး ရှေးရှုဆောင်ရွက် အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇွန် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့နံနက် ၁၁ နာရီက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်ကော်မတီ ပြန်လည်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နာယက အဖွဲ့ဝင်များ၊ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များနှင့် ဂီတလောကသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး ဂီတလောကသားများ၏ မေတ္တာရပ်ခံချက်အရ လိုအပ်သည့် အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ပေးရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပြန်လည်ဖွဲ့စည်းရာတွင် ဂီတလောကသားများ သဘောတူစီစဉ်ထားသည့်အတိုင်း နာယကအဖွဲ့ဝင် လူကြီးများနှင့် ရွေးချယ်ရေးကြီးကြပ်မှုအဖွဲ့တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လွတ်လပ်လပ် ရွေးချယ်ကြရန်ဖြစ်ကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနက လိုအပ်၍ တောင်းခံလာပါက လိုအပ်သည့်အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်တင်မြှောက်ပြီးသည့်အခါတွင်လည်း ဂီတလောကနှင့် လောကသားများအတွက် လိုအပ်သည့် အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခင်နည်းတူ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သို့သော် ဂီတအစည်းအရုံးသည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သောကြောင့် အဖွဲ့ဝင် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသော်လည်း အဖွဲ့အစည်းအနေဖြင့်မူ နိုင်ငံရေးအရ အသုံးချခံမဖြစ်ရအောင် ဂရုပြုကြရမည်ဖြစ်ကြောင်း၊ အဖွဲ့ကြီးအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး ဂီတလောကနှင့် ဂီတလောကသားများအကျိုး၊ အမျိုးသားရေးအကျိုးတို့ကိုသာ ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကလည်း ပြန်လည်ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# စိုက်ပျိုးစရိတ်များကို စိုက်ခင်းများအရောက် မှန်မှန်ကန်ကန်သုံးစွဲ ကိုယ်တိုင်တိုးတက်ကြီးပွား အကျိုးခံစားနိုင်ရန် နိုးကြားတက်ကြွစွာဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

**၂၀၁၂ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေးအပ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။**



မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ၂၀၁၂ ခုနှစ် မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အဆိုပါ ပေးအပ်ပွဲများ၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးရေးရာသီတွင် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၆၄၀၄၈ အနက် ၁၆၃၂၀၆ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ၈၅ ဒသမ ၆၁ တင်းနှုန်း ထွက်ရှိ၍ စပါးတင်းပေါင်း ၁၃၉ ဒသမ ၇၂ သိန်း ထွက်ရှိခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်(၈)မြို့နယ်သို့ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေအဖြစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျေးရွာအုပ်စုပေါင်း ၁၄၅ အုပ်စုမှ တောင်သူပေါင်း ၁၆၆၁၃ ဦးကို

*စာမျက်နှာ ၈ ကော်လံ ၁* ❐

# ချယ်ရီနှင့်အားပြိုင်နေသည့် ဆူဇူကီးအာပလပ်စ်

ခင်လေးမြင့်အောင် - ရေးသားသည်

ရန်ကုန် ဇွန် ၁၈

ပြည်တွင်းဈေးကွက်အတွင်း လူကြိုက်များလာသည့် ချယ်ရီဝက်ဂွန်များ ဝယ်ယူမှုများတွင် ဂျပန်နိုင်ငံထုတ် ဆူဇူကီးအာပလပ်စ်ဝက်ဂွန်များနှင့် နှိုင်းယှဉ်ဝယ်ယူသူများရှိလာကြောင်း သိရှိရသည်။

"ချယ်ရီလေးတွေက အသစ်ဆိုတော့ သုံးရတာကောင်းပါတယ်။ ဒါပေမယ့် သူက ဘယ်လောက်အထိ သုံးနိုင်မလဲဆိုတာကို စဉ်းစားကြည့်လိုက်ရင် ဆူဇူကီးအာပလပ်စ်ကို ပြေးမြင်မိတယ်။ ဈေးလည်း ၁၅ သိန်း၊ သိန်း ၂၀ လောက်ကွာနေတော့ တရုတ်ကားသစ်စီးမလား၊ ဂျပန်ကျစီးမလား စဉ်းစားစရာကောင်းပါတယ်"ဟု ကားပွဲစားတစ်ဦးက သူ့အမြင်ကို ရှင်းပြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻



ဆူဇူကီးအာပလပ်စ်ဝက်ဂွန်ကား။

# အလေးချိန် ၇၀ ကျပ်သားရှိဆီးကျောက် ခွဲစိတ်ထုတ်နိုင်ခဲ့

ဖားမော် ဇွန် ၁၈

*ဗန်းမော်မြို့ စိန်သစ္စာအထူးကုဆေးရုံ၌ ဇွန် ၁၁ ရက်က ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ရှိန်းက ဆီးကျောက်တည် လူနာတစ်ဦးအား ခွဲစိတ်ရာတွင် အလျား ၅ လက်မ၊ အနံ ၄ လက်မနှင့် အလေးချိန် ၇၀ ကျပ်သားရှိသော ဆီးကျောက်ကို ထူးဆန်းစွာ ခွဲစိတ်ရရှိခဲ့သည်။*

*အဆိုပါ လူနာမှာ ဦးမန်ဆိုင်း အသက်(၆၀) အိမ်အမှတ် (ခသ-၅၇၁) ခွန်သာရပ် ဗန်းမော်မြို့ နေထိုင်သူဖြစ်ပြီး ယခုအခါ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။*

*(မိုးထက်ကျော်)*



မြန်မာ့အလင်း ဖတ်စရာ၊ မှတ်စရာ



ဂျပန်ကမ်းလွန်၌ တိုင်ဖွန်းမုန်တိုင်းဖြစ်ပေါ် ဂျပန်နိုင်ငံသို့ ၄၈ နာရီအတွင်း ဝင်ရောက်တိုက်ခတ်နိုင် စာ-၄

အီးယူ---ယူရိုငွေကြေးနှင့် ဂရိပါလီမန်ရွေးကောက်ပွဲ စာ-၅





ဂျာမနီနှင့် ပေါ်တူဂီ ကွာတားတက် ဒိန်းမတ်နှင့် နယ်သာလန် ပြိုင်ပွဲမှထွက်ရပြီ စာ-၅